ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ စနေနေ့၊ (29-1-2005) (၄၄၉၃)

ဩဝါဒစကားမြွက်ကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများအား ဩဝါဒစကားမြွက်ကြားစဉ်။

(ယာပုံနှင့်အောက်ပုံ) (သတင်းစဉ်)

ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို မောင်ရင်းနှမစိတ်ဓာတ်နှင့် သေတစ်ပန်သက်တစ်ဆုံး ပူးပေါင်းနေထိုင်သွားမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် ထာဝရကိန်းအောင်း ထွန်းကားနေရန်လို

မိမိတို့အမျိုးသားရေး အကျိုးစီးပွားအတွက် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းနိုင်ရန် မိမိတို့တိုင်းပြည်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားနိုင်ရန် အရေးကြီး

ရန်ကုန် ဇန်နဝါရီ ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများက ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံမင်္ဂလာခန်းမ၌ တွေ့ဆုံဂါရဝပြုပြီး ဩဝါဒခံယူကြသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၉-၁-၂၀၀၅
(စနေနေ့)

မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် ပါဝင်ဆောင်ရွက်

နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးဖြစ်သည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအခြေခံများ၊ ယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများနှင့် အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် ဖော်ဆောင်လျက် ရှိသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင်ပါရှိပြီး အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အရေးအကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ အမျိုးသားညီလာခံ၏ ကဏ္ဍတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်သည်။

အမျိုးသားညီလာခံကြီးသည် နိုင်ငံတော်၏ အနာဂတ်တွင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုကြီးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် ရေရှည်အာမခံနိုင်မည့်အပြင် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို ညီညွတ်မျှတစွာ ဖော်ဆောင်ပေးနိုင်မည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် အခြေခံရမည့်မူများကို ဆွေးနွေးချမှတ်နေခြင်းဖြစ်သည်။

အမျိုးသားညီလာခံကြီးက အသေးစိတ်အခြေခံမူများကို ချမှတ်ပေးပြီးနောက် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး၊ ပြည်သူလူထု၏ သဘောထားဆန္ဒခံယူအတည်ပြုရေး၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အညီ လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရေး စသည့်လုပ်ငန်းစဉ်များကို အဆင့်လိုက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် အခြေခံရမည့်မူများကို ချမှတ်ဆွေးနွေးလျက်ရှိသည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပနိုင်ရေးသည် တစ်မျိုးသားလုံးက လိုလားတောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် အဓိကအရေးပါလျက် ရှိပေသည်။

ယခုအခါ တိုင်းရင်းသားပြည်သူများက ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံသည့် အခမ်းအနားများကို ဇန်နဝါရီလ ၂၅ ရက်နေ့မှစတင်၍ ပြည်နယ်နှင့်တိုင်း နေရာဒေသအသီးသီးတွင် ကျင်းပလျက်ရှိရာ ပြည်သူများက တစ်ခဲနက် ကြိုဆိုထောက်ခံလျက်ရှိကြသည်။

မန္တလေးတိုင်း မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ပြင်စည်စံပြကျေးရွာ၌ ပြည်ထောင်စုနေ့ကို ဂုဏ်ပြုခြင်းနှင့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ဇန်နဝါရီလ ၂၅ ရက်နေ့က ကျင်းပရာ သဘာပတိ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးအောင်ဇံက **တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး အနေဖြင့် ယနေ့ နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိသည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အပြည့်အဝဖြင့် နီးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန် အလေးအနက် တိုက်တွန်းပါကြောင်း** ပြောကြားခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ထူးခြားသောဝိသေသမှာ ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြင့် ရှေးနှစ်ပေါင်းများစွာကပင် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ပေါင်းစည်းနေထိုင်လာခဲ့ကြခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝကို ပြန်လည်ရယူ တည်ဆောက်နိုင်ခဲ့ကြသည်။

ဤအစဉ်အလာကောင်းများဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ထာဝရအစွန့်ရှည် တည်တံ့ခိုင်မြဲနေစေရေးအတွက် ကာကွယ်စောင့်ရှောက်ကြရမည့်တာဝန်သည် နိုင်ငံသားတိုင်းက မျက်မှောက်ပြုရမည့် အမျိုးသားရေးတာဝန်ပင် ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအတွက် တည်ငြိမ်ခိုင်မာသော အနာဂတ်ကို ပုံဖော်တည်ဆောက်လျက်ရှိရာ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ဖြစ်ထွန်းရေး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ကျရာကဏ္ဍက ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၀၀၅ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊

☆ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဘင်းမ်စတက်ဒေသ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ကျွမ်းကျင်သူ နိုင်ငံကိုယ်စားလှယ်များ ပဉ္စမအကြိမ်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသော ဘင်းမ်စတက်ဒေသဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် ကျွမ်းကျင်သူ/ နိုင်ငံကိုယ်စားလှယ်များ၏ ပဉ္စမအကြိမ်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ ဒူးဇစ်အင်းယားလိတ် ဟိုတယ်၌ကျင်းပသည်။

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးကြမည့် စွမ်းအင်၊လျှပ်စစ်စွမ်းအား၊သတ္တုတွင်း၊ သစ်တော၊ သိပ္ပံနှင့်နည်းပညာ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ အဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် ဘင်းမ်စတက် အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊အိန္ဒိယ၊ မြန်မာ၊နီပေါ၊သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာစွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အဖွင့်မိန့်ခွန်း ပြောကြား၍ ဖွင့်လှစ်သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။**(အောက်ပုံ)**အစည်းအဝေးကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က ဆောင်ရွက်သည်။ အစည်းအဝေးတွင် ဘင်းမ်စတက် ဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက် ရေးအဖွဲ့ စွမ်းအင်ကဏ္ဍတွင် အကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းများ၏ ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇန်နဝါရီ ၂၅ရက် နံနက် ၈နာရီတွင် ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးက ဓာတ်မြေသြဇာ ထုတ်လုပ်နိုင်မှုအခြေအနေများကို သုံးသပ်ပြီး လာမည့်ကာလအတွက် ဓာတ်မြေသြဇာစက်ရုံများ ချောမွေ့စွာလည်ပတ်ထုတ်လုပ်နိုင်ရန် လိုအပ်သော သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာ ရရှိရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကာ စက်ရုံအလိုက် ဓာတ်မြေသြဇာ တိုးတက်ထုတ်လုပ်ရမည့် လျာထားချက်များကို ချမှတ်ပေးသည်။

ယင်းနောက် ဝန်ကြီးက ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ အလေအလွင့်ထိန်းသိမ်းရေးနှင့် မသမာမှု လျော့နည်းပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဝန်ကြီးသည် နံနက် ၁၁နာရီတွင် ဆက်လက်ကျင်းပသည့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ ရေနံမြေအလိုက် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်ခဲ့မှုအခြေအနေများကို ပြန်လည်သုံးသပ်ပြီး လာမည့်ကာလအတွက် ရေနံမြေအလိုက် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရမည့် အစီအစဉ်များကို ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးက ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို အားကြိုးမာန်တက် တိုးတက်ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် နိဂုံးချုပ် အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးများသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများ၊ ရေနံမြေအထွေထွေမန်နေဂျာများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ၂၀၀၄-၂၀၀၅ ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(စွမ်းအင်)

ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဝန်ထမ်းများနှင့်တွေ့ ဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာများ မှာကြား

ရန်ကုန် ဇန်နဝါရီ ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးတင့်ဆွေနှင့်အတူ ဧရာဝတီတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံး၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တိုင်းဦးစီးမှူးများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ တင်ပြချက်များအပေါ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဝန်ကြီးက ထပ်မံဖြည့်စွက်ပြီး ဝန်ထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာန၊ ဦးစီးဌာနများအလိုက် ထမ်းဆောင်ရမည့် တာဝန်၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ စည်းကမ်း၊ စိတ်ဓာတ်နှင့် မှန်ကန်သော သက်သာချောင်ချိရေးကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ပေးကြရန် မှာကြားသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား ဧရာဝတီတိုင်း ပုသိမ်မြို့ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်ရှိ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားစဉ်။
(ကယ်ဆယ်ရေး)

မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(ပြည်ပရေးရာတာဝန်ခံ) ဦးကျော်နိုင်ခေါင်းဆောင်၍ အဖွဲ့ဝင်များဖြစ်ကြသော ဦးစံတင်အောင်(ရွှေဘို)၊ ဦးကျော်မင်း(MMMဆောက်လုပ်ရေး မန်နေဂျင်းဒါရိုက်တာ)၊ ဦးကြည်မင်း(PAG Co.)နှင့် ဦးခိုင်သူဝင်း(MMM ဆောက်လုပ်ရေး)တို့ ပါဝင်သည့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားရာ ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။
(ဟော်ကီအဖွဲ့ချုပ်)

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(ပြည်ပရေးရာတာဝန်ခံ) ဦးကျော်နိုင် ခေါင်းဆောင်၍ အဖွဲ့ဝင်များဖြစ်ကြသော ဦးစံတင်အောင်(ရွှေဘို)၊ ဦးကျော်မင်း(MMMဆောက်လုပ်ရေး မန်နေဂျင်းဒါရိုက်တာ)၊ ဦးကြည်မင်း (PAG Co.) နှင့် ဦးခိုင်သူဝင်း (MMMဆောက်လုပ်ရေး) တို့ ပါဝင်သည့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားကြသည်။

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ အမှတ်(၂) စစ်ဒေသမှူး တပ်မတော်မှတ်တမ်းရုံးတပ်မှူး ဗိုလ်မှူးချုပ် မျိုးမြင့်၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကြည်ဝင်းနှင့် အမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ၌ ကမ္ဘာ့ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mrs. Annabel Dillon နှင့် စင်ကာပူဟော်ကီအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့နှင့် မြန်မာနိုင်ငံ၌ မြက်ခင်းတုကွင်း တည်ဆောက်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ ဒေသတွင်းပြိုင်ပွဲများ ကျင်းပနိုင်ရေးအတွက် လည်းကောင်း၊ မလေးရှားနိုင်ငံ၌ အာရှဟော်ကီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး Mr. Tan Seri Dato P. Plagendra နှင့် မြန်မာနိုင်ငံမှ ဟော်ကီမျိုးဆက်သစ်အားကစားသမားများ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့၌ စခန်းသွင်း လေ့ကျင့်နိုင်ရေးကိစ္စတို့ကိုလည်းကောင်း ဆွေးနွေးကြမည်ဖြစ်ပြီး မြန်မာနိုင်ငံ၌ ဟော်ကီအားကစားကွင်းနှင့် ပွဲကြည့်စင်အသစ် တည်ဆောက်ရေးအတွက် မလေးရှားနိုင်ငံမြို့များ၌ရှိသော ပွဲကြည့်စင်များ တည်ဆောက်ပုံများကို ကြည့်ရှု လေ့လာကြမည်ဖြစ်သည်။
(သတင်းစဉ်)

ဘုရားဖြူ ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်မြို့လုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီးက ကြီးမှူးကျင်းပသော (၇၃)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ ဆုနှင်းသဘင်အကြိုတရားပွဲများကို ဇန်နဝါရီ ၂၉ရက်(စနေနေ့)တွင် ပုပ္ပားစကားဝါမြေဆရာတော် အရှင်ပညာဝံသက လည်းကောင်း၊ ဇန်နဝါရီ ၃၀ရက်(တနင်္ဂနွေနေ့)တွင် ရဝေနွယ် (အင်းမ) အရှင်ရာဇိန္ဒက လည်းကောင်း ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်တွင် တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ကြည့်ရှု

ဇန်နဝါရီ ၂၆ ရက် က လှိုင်မြို့နယ် MICT Park၌ ပြုလုပ်သည့် စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ ပြခန်းများ၌ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
၃၀-၁-၂၀၀၅ရက်နေ့

၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
(၁၃-၂-၂၀၀၅)ရက်နေ့နှင့်
(၂၇-၂-၂၀၀၅)ရက်နေ့

စီမံအုပ်ချုပ်မှု ဒီပလိုမာသင်တန်း ရွှေရတုအထိမ်းအမှတ် ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

စီမံအုပ်ချုပ်မှုပညာဒီပလိုမာ (DMA) နှစ်ငါးဆယ်ပြည့် ရွှေရတုအထိမ်းအမှတ်ဆွေးနွေးပွဲကို လှိုင်နယ်မြေ စီမံခန့်ခွဲမှုပညာဌာန ပဋ္ဌာမြားခန်းမတွင် ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆွေးနွေး ပွဲသို့ စီမံအုပ်ချုပ်မှုပညာ ဘွဲ့လွန် ဒီပလိုမာရပုဂ္ဂိုလ်များ ပါဝင်တက်ရောက် ကြရန် အခမ်းအနားကျင်းပရေးအဖွဲ့က နှိုးဆော်ထားသည်။
(က-ပ)

အီရတ်အကျဉ်းသားများနှိပ်စက်ခံရမှု ကန်အစိုးရ ဖုံးကွယ်ထားခဲ့

နယူးယောက် ဇန်နဝါရီ ၂၇

အသက်အရွယ်ကြီးရင့်သည့် အီရတ်အမျိုးသမီးတစ်ဦးအား နှိပ်စက်ခဲ့မှု၊ အကြင်နာမဲ့စွာရိုက်နှက်ခဲ့မှုများနှင့် သတ်ဖြတ်မှုများအပါအဝင် အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ စွပ်စွဲချက်များကို အမေရိကန်အစိုးရက အလေးအနက်ထား စုံစမ်းစစ်ဆေးရန် ပျက်ကွက်ခဲ့ခြင်းကို အမေရိကန်ကြည်းတပ် တပ်တွင်းမှတ်တမ်းမှတ်ရာများအရ သိရကြောင်းဖြင့် ပြည်သူ့အခွင့်အရေးအုပ်စုတစ်စုက တနင်္လာနေ့က ပြောကြားလိုက်သည်။

ပြည်သူ့အခွင့်အရေး သမဂ္ဂ(အေစီအယ်လ်ယူ)က နောက်ဆုံးပြုစုပြီး လူသိရှင်ကြား ထုတ်ပြန်သည့် မှတ်တမ်းမှတ်ရာများတွင် အထက်ပါအတိုင်း ဖော်ပြထားခြင်းဖြစ်သည်။ ယင်းသမဂ္ဂက လွတ်လပ်စွာ သတင်းပြန်ကြားရေးဥပဒေအရ မှတ်တမ်းများကိုရရှိကာ ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဖုံးကွယ်ထား

အချို့သော စုံစမ်းစစ်ဆေးမှုများသည် နှိပ်စက်ညှဉ်းပန်းမှုကို အခြေခံအားဖြင့် ဖုံးကွယ်ထားခဲ့ကြောင်း၊ အေစီအယ်လ်ယူက ရရှိခဲ့သည့် မှတ်တမ်းများက အဆိုပါ နှိပ်စက်ညှဉ်းပန်းမှုများသည် အဘူဂါရစ်ထောင် အပြင်ဘက် ကမ္ဘာတစ်ဝန်းသို့ ရင်နာဖွယ်ရာကောင်းသည့် ဖြစ်ရပ်အဖြစ် ပျံ့နှံ့ရောက်ရှိသွားခဲ့သည်ဟု ဖော်ပြထားကြောင်း အေစီအယ်လ်ယူ အမှုဆောင်ညွှန်ကြားရေးမှူး ရိုမီရိုက ပြောကြားသည်။

ချန်ထား

နှိပ်စက်ညှဉ်းပန်းမှုကိစ္စ အများအပြားကို စုံစမ်းစစ်ဆေးထားသည့် အမှုများကို မျက်မြင်တွေ့ရှိသူများအား မမေးမြန်းဘဲ ချန်ထားခဲ့ကြောင်း၊ အချို့ကိစ္စများတွင် အကျဉ်းသားများအား နှိပ်စက်သည်ဟု တွေ့ရှိသည့် တပ်ဖွဲ့ဝင်များကို ၎င်း၏ မူရင်းနေရာသို့ ပြန်ပို့လိုက်ကြောင်း စသည်ဖြင့် အေစီအယ်လ်ယူက ဖော်ပြသည်။

ထိမ်ချန်ထား

အကျဉ်းသားများအား လျှပ်စစ်ဓာတ်လိုက်စေမှု၊ အရိုးကို ကွဲကြေအောင်ရိုက်နှက်မှုနှင့် ကျင်ငယ်ရေ သောက်ခိုင်းမှု အပါအဝင် သေဆုံးမှုနှင့် ကြောက်မက်ဖွယ် ကောင်းစေသည့် နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ စွပ်စွဲချက်များကို ဌာနတွင်းအစီရင်ခံစာများတွင် ထိမ်ချန်ထားခဲ့သည်။

ဖော်ပြ

အသစ်ထုတ်ပြန်သည့် မှတ်တမ်းမှတ်ရာအများစုတွင် အထူးတပ်ဖွဲ့ အမှတ်(၂၀)ဟု လူသိများသည့် စီအိုင်အေစစ်ဘက်ဆိုင်ရာ ပူးတွဲအဖွဲ့ အပါအဝင် အထူးတပ်ဖွဲ့များ ပါဝင်ကြောင်းကိုသာဖော်ပြခဲ့ကြောင်း အေစီအယ်လ်ယူတွင် ဖော်ပြထားသည်။

ညှဉ်းပန်း

အထူးတပ်ဖွဲ့က ထိန်းသိမ်းထားခဲ့သည့် အသက် ၇၃နှစ်အရွယ်ရှိ အီရတ်အမျိုးသမီးကြီးတစ်ဦးက ၎င်းအားဖမ်းခဲ့သူများက လိင်ပိုင်းဆိုင်ရာအရ ညှဉ်းပန်းခဲ့ကြောင်းနှင့် အခြားအကျဉ်းသားအမျိုးသမီးအား ခွေးလွှတ်ပြီး အကိုက်ခိုင်းစေခဲ့သည်ဟု စွပ်စွဲထားခဲ့ကြောင်း မှတ်တမ်းတစ်ရပ်အရ သိရသည်။

ပြင်ဆင်

စွပ်စွဲချက်များကို စုံစမ်းစစ်ဆေးထားသည့် ပဏာမအစီရင်ခံစာကို ပြင်ဆင်ကာ အမှုပိတ်ထားလိုက်သည်ဟု အေစီအယ်လ်ယူက ကြည်းတပ်မှ စုံစမ်းစစ်ဆေးရေးမှူးအား ကိုးကား၍ဖော်ပြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက် အနောက်ပိုင်း ရာမာဒီမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဇင်ဘာဘွေကော်ဖီတင်ပို့မှုမှ ဒေါ်လာ လေးသန်းရရှိ

ဟာရာရေး ဇန်နဝါရီ ၂၇

ဇင်ဘာဘွေနိုင်ငံသည် ၂၀၀၄ ခုနှစ်က ကော်ဖီတင်ပို့ခြင်းဖြင့် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄၅ သန်းမျှရရှိကြောင်း ဗဟိုစာရင်းအင်းဌာနက ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်သော သတင်းတွင် ဖော်ပြထားသည်။

ကာဖိန်းဓာတ်ထုတ်လုပ်ထားသော ကော်ဖီနှင့် မလှော်ရသေးသော ကော်ဖီကို တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၈ ဒေါ်လာထိ မှာယူခြင်းဖြင့် အိမ်နီးချင်းတောင်အာဖရိကနိုင်ငံသည် အများဆုံးဝယ်ယူကြောင်း ဗဟိုစာရင်းအင်းဌာနမှ ဖော်ပြချက်တွင် တွေ့ရသည်။

အများဆုံးဝယ်ယူ

လှော်ပြီးသားကော်ဖီနှင့် ကဖိန်းဓာတ်မထုတ်လုပ်ရသေးသော ကော်ဖီများကို ဂျာမနီနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၆ သန်းဖိုးအထိ ဝယ်ယူခြင်းဖြင့် ဒုတိယအများဆုံး ဝယ်ယူခဲ့ခြင်းဖြစ်သည်။ နယ်သာလန်နိုင်ငံမှလည်း အမေရိကန် ဒေါ်လာ ၃၂၇၅၈၆ ဖိုးဝယ်ယူခဲ့ပြီး တစ်ဖန် ဗြိတိန်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၉၀၀၀၀ တန်ဖိုးရှိ ကော်ဖီများကို ဇင်ဘာဘွေမှ တင်သွင်းခဲ့သည်။

ဝင်ငွေတိုးလာ

ဇင်ဘာဘွေနိုင်ငံ အစိုးရသည် ၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံ၏ စိုက်ပျိုးရေးဆိုင်ရာမူဝါဒများကို ပြန်လည်ပြုပြင်ပြီးနောက် ကော်ဖီထုတ်လုပ်မှုလုပ်ငန်းများတွင် ဝင်ငွေတိုးလာခြင်းဖြစ်ကြောင်း ဇင်ဘာဘွေလယ်ယာများအဖွဲ့မှ တာဖရီယီချမ်ဘိုကိုက ပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံသည် ဆေးရွက်၊ သစ်သီး၊ ပန်းမန်နှင့် ကော်ဖီတို့ကို အဓိကစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘူဂေးရီးယား၌ နှင်းမုန်တိုင်းကြောင့် သယ်ယူပို့ဆောင်ရေးဖရိုဖရဲဖြစ်

ဆိုဖီယာ ဇန်နဝါရီ ၂၇

ဘူဂေးရီးယားနိုင်ငံ၌ တနင်္လာနေ့က နှင်းမုန်းတိုင်းများ ကျရောက်သဖြင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဖရိုဖရဲဖြစ်ကုန်ကြောင်း ဘူဂေးရီးယားမီဒီယာကအင်္ဂါနေ့က ကြေညာသည်။

ဘူဂေးရီးယားနိုင်ငံ အနောက်ပိုင်းတွင် သုံးနာရီအတွင်း နှင်းများ ၃၀ စင်တီမီတာထုအထိ ကျရောက်ကြောင်း အချို့နေရာများတွင် ၅၀ စင်တီမီတာအထိ မြေပေါ်တွင် ကျရောက်ဖုံးလွှမ်းလျက်ရှိသည်။

နှင်းများ ထူထပ်စွာ ကျသဖြင့် ဆိုဖီယာမြို့တော်အတွင်း ယာဉ်တိုက်မှု ၁၈၀ ခန့်ဖြစ်ပွားပြီး နိုင်ငံတစ်ဝန်းတွင် သယ်ယူပို့ဆောင်ရေး၊ ရေနှင့် လျှပ်စစ်ဖြန့်ဖြူးမှုများ ဖရိုဖရဲဖြစ်ကုန်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်တွင် ယာဉ် မတော်တဆဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

ဘဂ္ဂဒက်မြို့တော်အရှေ့မြောက်ပိုင်းတွင် တနင်္လာနေ့က ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ယင်းဒဏ်ရာကြောင့် သေဆုံးခဲ့ကြကြောင်း အမေရိကန်စစ်ဘက်က အင်္ဂါနေ့က ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

ခန်ဘာနီဆက်ဒေသတွင် ဇန်နဝါရီ ၂၄ရက် ညဧနာရီခန့်က မော်တော်ယာဉ်မတော်တဆ ဖြစ်ပွားခဲ့ရာ အမှတ်(၁)ခြေလျင်တပ်မမှ တပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဆိုးရွား

ဖော်ပြပါ ထိခိုက်ဒဏ်ရာရသူ တပ်ဖွဲ့ဝင်ငါးဦးသည် စစ်ဆေးရုံရောက်ရောက်ချင်း သေဆုံးသွားခဲ့ကြောင်း၊ ယင်းဖြစ်ရပ်တွင် အခြားတပ်ဖွဲ့ဝင် နှစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦး၏ ကျန်းမာရေးအခြေအနေမှာ ဆိုးရွားလျက်ရှိသည်။ အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော် တိုက်ခိုက်ခဲ့ပြီးနောက် အီရတ်တွင် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၁၃၇၀ ရှိသွားပြီဖြစ်ပြီး ၂၉၆ဦးမှာ တိုက်ခိုက်မှုမဟုတ်သော မတော်တဆ ဖြစ်ရပ်များကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှ တပ်ဖွဲ့ဝင်တစ်ဦးကို ဇန်နဝါရီ ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လက်နက်ကိုင်များက အီရတ်တရားသူကြီးအား ဘဂ္ဂဒက်တွင် လုပ်ကြံသတ်ဖြတ်

ဘဂ္ဂဒက် ဇန်နဝါရီ ၂၇

အီရတ်နိုင်ငံတွင်တရားသူကြီးတစ်ဦး အိမ်မှထွက်ခွာလာစဉ် လက်နက်ကိုင်များက ၎င်းအား ဘဂ္ဂဒက်မြို့တော်အရှေ့ပိုင်းဒေသတွင် အင်္ဂါနေ့က လုပ်ကြံသတ်ဖြတ်ခဲ့ကြောင်းရဲတပ်ဖွဲ့ကပြောကြားသည်။

မည်သူမည်ဝါမှန်း မသိရသည့် လက်နက်ကိုင်များက တရားသူကြီး အယ်လ်ရှာမာရီနှင့်၎င်း၏သားတို့စီးလာသောမော်တော်ယာဉ်ကို ဘဂ္ဂဒက်အရှေ့ပိုင်းဒေသတွင် ပစ်ခတ်တိုက်ခိုက်ရာ အဆိုပါတရားသူကြီး သေဆုံးခဲ့ရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရေနံနည်းပညာကုမ္ပဏီများကို အိန္ဒိယဆွဲဆောင်

နယူးဒေလီ ဇန်နဝါရီ ၂၇

ကျွမ်းကျင်လုပ်သားဦးရေ အလျှံပယ်ရှိသည့် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့တစ်ဝန်းရှိ ရေနံထုတ်လုပ်ရေးဆိုင်ရာ အတိုင်ပင်ခံကုမ္ပဏီများလာရောက်လုပ်ကိုင်ရန် ဆွဲဆောင်လျက်ရှိကြောင်း၊ ရေနံနည်းပညာ ကုမ္ပဏီများသည် အိန္ဒိယနိုင်ငံ၌ အခြေစိုက်လုပ်ကိုင်ခြင်းဖြင့် အခြားသောနိုင်ငံများအထိ ဈေးကွက်တိုးချဲ့လုပ်ကိုင်နိုင်ရန်လည်း အခွင့်သာမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ အခြေစိုက်ရေနံနည်းပညာကုမ္ပဏီတစ်ခုမှ အကြီးအကဲတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

မိမိတို့၏ ကုမ္ပဏီသည် အာရှ-ပစိဖိတ်ဒေသရှိဈေးကွက်များအထိ ထိုးဖောက်လုပ်ကိုင်နိုင်ရန် အိန္ဒိယ၌ အခြေစိုက်ရုံး ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံမှ ပါရာဒိဂန်ရေနံလုပ်ငန်း အတိုင်ပင်ခံကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် အယ်လ်ဒက်ဝစ္စက ပြောကြားသည်။

လိုလား

မိမိတို့သည် အိန္ဒိယ၌ အခြေစိုက်ရုံး ဖွင့်လှစ်မည်ဖြစ်သော်လည်း ကုမ္ပဏီ၏ သတင်းအချက်အလက် နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အိန္ဒိယသို့ ပြောင်းရွှေ့မည်မဟုတ်ကြောင်း၊ ကမ္ဘာ့ရေနံစူးစမ်းရှာဖွေမှုနှင့် ထုတ်လုပ်မှုဆိုင်ရာ နည်းပညာအတိုင်ပင်ခံလုပ်ငန်းဈေးကွက်၏ ၁၅ ရာခိုင်နှုန်းကို မိမိတို့ကုမ္ပဏီက ရရှိထားကြောင်း၊ မိမိတို့သည် အိန္ဒိယနိုင်ငံ၌ ဘူမိသိပ္ပံအတိုင်ပင်ခံဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရန် လိုလားကြောင်း ၎င်းက ပြောကြားသည်။

ပါရာဒိဂန်ကုမ္ပဏီသည် ရေနံဆိုင်ရာနည်းပညာဈေးကွက် ဖော်ဆောင်နိုင်ရန် လွန်ခဲ့သည့် နှစ်အနည်းငယ်မှ စ၍ အိန္ဒိယနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ စတင်ပြုလုပ်ခဲ့သည်။ ***အမ်အင်အေ၊ပီတီအိုင်။***

တရုတ်နိုင်ငံ၏ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းများ ၂၀၀၅ ခုနှစ်တွင် အရှိန်အဟုန်မြှင့်တင်မည်

ပေကျင်း ဇန်နဝါရီ ၂၇

တရုတ်နိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသစ် ၅၈ ခုနှင့် တိုးချဲ့စီမံကိန်းပေါင်း ၄၈ ခု တို့ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း၊ ရထားလမ်းများ ဖောက်လုပ်ရန် တရုတ်အစိုးရက ယွမ်ငွေ ၁၀၀ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၂ဒသမ၀၅ ဘီလီယံ) ရင်းနှီးမြှုပ်နှံမည်ဖြစ်ရာ ယင်းမှာ ရထားလမ်းစီမံကိန်းများ အတွက် ငွေကြေးအများဆုံး သုံးစွဲခြင်းဖြစ်ကြောင်း ရထားလုပ်ငန်းဆိုင်ရာ နှီးနှောဖလှယ်ပွဲတစ်ရပ်တွင် ကျွမ်းကျင်သူ ပညာရှင်တစ်ဦးက ပြောကြားသည်။

တရုတ်နိုင်ငံ၏ မျှော်မှန်းချက်ကြီးမားသော ရထားလုပ်ငန်းတိုးချဲ့ရေး အစီအစဉ်အတွက် အကြံပေးနိုင်ရန် ရည်ရွယ်လျက် အဆိုပါ နှီးနှောဖလှယ်ပွဲ ကျင်းပရာ၌ ရထားလုပ်ငန်း ကျွမ်းကျင်သူ ပညာရှင် ဖန်ကျိဗွန်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ ၎င်းသည် အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ၏ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေး ကော်မရှင်က ကမကထပြုကျင်းပသော အဆိုပါ နှီးနှောဖလှယ်ပွဲကို ကျွမ်းကျင်သူ ပညာရှင်များ တက်ရောက်ကြသည်။

တရုတ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးစနစ်တွင် ရထားလမ်းများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလျက်ရှိကြောင်း၊ ပို့ဆောင်ဆက်သွယ်ရေး၌ ရထားလုပ်ငန်းများသည် အားသာချက်များရှိကြောင်း၊ မြေနေရာ အရ များစွာလိုအပ်ခြင်းမရှိဘဲ ရထားလမ်းများ ဖောက်လုပ်နိုင်ခြင်း၊ စွမ်းအင်သုံးစွဲရမှု နည်းပါးပြီး သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိခြင်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း၌ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံမှု မှတ်တမ်းကောင်းများရှိခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်နိုင်သည့် စွမ်းပကား မြင့်မားခြင်း စသည့် အားသာချက်များကြောင့် ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ရန် လိုအပ်ကြောင်း နှီးနှောဖလှယ်ပွဲတွင် ပညာရှင်များက ဆွေးနွေးကြသည်။

သို့ရာတွင် တရုတ်နိုင်ငံသည် ကာလရှည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် နည်းပညာသစ်များကိုအသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တည်ဆောက်မှုများကို အရည်အသွေးပြည့်မီအောင် လုပ်ဆောင်သွားရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများကိုလည်း ပိုမိုဆွဲဆောင်သွားကြရမည်ဖြစ်ကြောင်း ဖန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဆိုနီကုမ္ပဏီက ထုတ်လုပ်သော ဟင်ဒီကင်ဒီစီအာရ် - ဒီဗီဒီ ၄၀၃ အသစ်ကို ဝန်ထမ်းတစ်ဦးက သရုပ်ပြနေသည်ကို ဇန်နဝါရီ၂၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်သည် ဂျပန်၏ နံပါတ်တစ် ကုန်သွယ်ဖက်ဖြစ်လာ

တိုကျို ဇန်နဝါရီ ၂၇

ယခင်နှစ်များက ဂျပန်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံသည် အမေရိကန်နိုင်ငံဖြစ်သော်လည်း ၂၀၀၄ ခုနှစ်တွင် တရုတ်နိုင်ငံသည် ဂျပန်နိုင်ငံ၏ နံပါတ်တစ် ကုန်သွယ်ဖက်နိုင်ငံအဖြစ် ရောက်ရှိလာကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၁၉ ရက် ပြောကြားချက်အရ သိရှိရသည်။

တရုတ်နှင့် ဂျပန်တို့၏ ကုန်သွယ်ရေးကိုတွက်ချက်ရာတွင် ဟောင်ကောင်နှင့် ကုန်သွယ်ရေး စာရင်းများကိုပါ ထည့်သွင်း တွက်ချက်ထားသည်။ ၁၉၄၇ခုနှစ်က စတင်ခဲ့သော မှတ်တမ်းများအရ ဂျပန်နှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်ရေးပမာဏသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၂၁၃ ဒသမ ၃ ဘီလီယံဖြင့် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိလာကြောင်း သိရသည်။

ဂျပန်နိုင်ငံနှင့် အမေရိကန်တို့၏ ၂၀၀၄ခုနှစ်တွင်ရှိသော ကုန်သွယ်မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၉၈ ဒသမ ၈ ဘီလီယံရှိသည်။ ဂျပန်နိုင်ငံ၏ ကုန်သွယ်မှု စုစုပေါင်းတွင် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု အချိုးအစားသည် ၂၀ ရာခိုင်နှုန်းအထိရှိပြီး အမေရိကန်နှင့် ကုန်သွယ်မှု အချိုးအစားမှာ ၁၈ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံမှ ဥရောပနိုင်ငံများသို့ တင်ပို့ခဲ့သော ကုန်စည် စုစုပေါင်း၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၉ ဘီလီယံရှိပြီး ဥရောပသမဂ္ဂအဖွဲ့မှ ဂျပန်နိုင်ငံသို့ ပြန်လည်တင်သွင်းသော သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၂ ဘီလီယံရှိသည်။

တစ်ကမ္ဘာလုံးနှင့် ကုန်သွယ်ရာတွင် ၂၀၀၄ ခုနှစ်တွင် ဂျပန်နိုင်ငံသည် ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၁၁၆ ဒသမ ၆ ဘီလီယံရရှိခဲ့သည်။ ထိုပမာဏသည် ယခင်နှစ်ကရရှိခဲ့သော ပိုလျှံငွေထက် ၁၇ ဒသမ ၉ ရာခိုင်နှုန်း ပိုမိုများပြားလာခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အရှေ့အလယ်ပိုင်းဈေးကွက်များသို့ ထိုးဖောက်ရန် ဘင်္ဂလားဒေ့ရှ် ဆေးထုတ်လုပ်ရေးကုမ္ပဏီများ ကြိုးပမ်းမည်

ဒါကာ ဇန်နဝါရီ ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိကျင်းပမည့် ဒုတိယအကြိမ် အာရှ ဆေးဝါး ထုတ်ကုန်ပြပွဲသည် ပြည်တွင်း ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများအနေဖြင့် အရှေ့အလယ်ပိုင်း ဈေးကွက်များအတွင်းသို့ ထိုးဖောက်နိုင်ရေးအတွက် ကြိုးပမ်းရာ၌ အထောက်အကူရရှိမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းဌာနဖြစ်သည့် ဘီအက်စ်အက်စ်က အင်္ဂါနေ့တွင် သတင်းထုတ်ပြန်သည်။

ရည်ရွယ်

ဆေးဝါးထုတ်ကုန်ပြပွဲ၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၂၂နိုင်ငံမှ ကုမ္ပဏီနှင့် အဖွဲ့အစည်း ၂၅၀ ကျော်က ပါဝင်ပြသမည်ဖြစ်သည်။ အဆိုပါ ကုန်စည်ပြပွဲသည် ဆော်ဒီအာရေဗျနိုင်ငံ အပါအဝင် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများသို့ ဆေးဝါးပစ္စည်းများ တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်ကြောင်း သတင်းဌာနက ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဆေးဝါးပစ္စည်းများ တင်ပို့ရောင်းချခြင်းမှ ဝင်ငွေရရှိမှုသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၅၀ ခန့်ရှိကြောင်း၊ ယခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထက်မနည်း ဝင်ငွေရရှိရန် မျှော်မှန်းကြောင်း ဘင်္ဂလားဒေ့ရှ် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လောလောဆယ် ကာလ၌ ကမ္ဘာ့နိုင်ငံ ၆၀ သို့ ဆေးဝါးများ တင်ပို့ရောင်းချလျက်ရှိသော်လည်း အီရတ်နိုင်ငံမှအပ အရှေ့အလယ်ပိုင်းဒေသသို့မူ တင်ပို့ရောင်းချနိုင်ခြင်း မရှိသေးပေ။

အများဆုံးနိုင်ငံ

အရှေ့အလယ်ပိုင်းဒေသတွင် ဆော်ဒီအာရေဗျနိုင်ငံသည် ဆေးဝါးတင်သွင်းမှု အများဆုံးနိုင်ငံဖြစ်ပြီး နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း ၂၅၀ ဖိုးအထိရှိသော ဆေးဝါးများကို အထူးသဖြင့် အမေရိကန် ပြည်ထောင်စုမှ ဝယ်ယူတင်သွင်းသည်။***အမ်အင်အေ၊ဆင်ဟွာ။***

လျှင်ကြိုတင်သတိပေးစနစ် တပ်ဆင်ရန် အေဒရီယတ်တစ်ကမ်းခြေနိုင်ငံများ သဘောတူ

တီရာနာ ဇန်နဝါရီ ၂၇

မြေထဲပင်လယ်၏ အေဒရီယတ်တစ်ပင်လယ် ကမ်းရိုးတန်းနိုင်ငံများဖြစ်ကြသည့် အယ်လ်ဘေးနီးယား၊ အီတလီ၊ ဆာဘီးယား၊ မွန်တီနီဂရိုးနှင့် ခရိုအေးရှားနိုင်ငံတို့သည် ဒေသတွင်း လှုပ်စစ်သံလိုက်နှင့်ဆိုင်သော လှိုင်းလုံးစောင့်ကြည့်ရေးနှင့် ငလျင်ကြိုတင်သတိပေးစနစ်တပ်ဆင်ရန် စနေနေ့က သဘောတူလိုက်ကြောင်း အယ်လ်ဘေးနီးယားသတင်းစာ ကော်ရီယာက တနင်္ဂနွေနေ့က ဖော်ပြလိုက်သည်။

အီတလီနိုင်ငံ လာကွီကမြို့၌ ငလျင်ကြိုတင်သတိပေးရေးဆိုင်ရာ ညီလာခံတွင် အေဒရီယတ်တစ်ကမ်းရိုးတန်းနိုင်ငံများက ထိုသို့သဘောတူညီလိုက်ကြခြင်းဖြစ်သည်။

ထိုစနစ်အတွက် ၁၀နှစ်ကြာ သုတေသန အစီအစဉ်တစ်ရပ် ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝနှင့်လူစီမံသည့် လျှပ်စစ်သံလိုက်မှုတို့အကြား ဖြစ်နိုင်သည့် ဆက်သွယ်မှုများကို ဤအစီအစဉ်က ဆန်းစစ်ရန်နှင့် တကွ သဘာဝနှင့် ပတ်ဝန်းကျင်ဖန်တီးသော ဘေးဥပဒ်အန္တရာယ်တို့ကို သိပ္ပံနည်းကျ ကြိုတင်ခန့်မှန်းရန် ဆောင်ရွက်ပေးမည်ဖြစ်ရာ မြေလျင်ကြောင့် ပေါ်ပေါက်ရသည့် အဆုံးအရှုံးများ နည်းနိုင်သမျှ နည်းစေမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တူရကီနိုင်ငံတွင် မြေငလျင်ခုနစ်ကြိမ်လှုပ်

အင်ကာရာ ဇန်နဝါရီ ၂၇

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် အင်္ဂါနေ့က အတော်အတန်ပြင်းသည့် မြေငလျင် ခုနစ်ကြိမ်လှုပ်ရာ နှစ်ဦးသေဆုံးပြီး ၂၂ဦး ဒဏ်ရာရရှိကြောင်း အနာတိုလီယာသတင်းဌာနက ကြေညာသည်။

ဟက်ကရီမြို့မှာ မြေငလျင်ဒဏ်အပြင်းထန်ဆုံးခံရသည့် မြို့ဖြစ်သည်။ ထိခိုက်သေဆုံးမှုများ ရှိသည့်ပြင် အဆောက်အအုံ ၈၀ ခန့်ထက်မနည်း ပြိုကျပျက်စီးခဲ့သည်။

တူရကီနိုင်ငံတွင် မြေငလျင် မကြာခဏ လှုပ်တတ်ပြီး ၁၉၉၉ ခုနှစ် ဩဂုတ်လနှင့် နိုဝင်ဘာလအတွင်းက မြေငလျင်များလှုပ်သဖြင့် ပြည်သူ ၂၀၀၀၀ သေဆုံးခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ ကုန်တိုက်ကြီးတစ်ခုတွင် ဈေးဝယ်သူများဖြင့် စည်ကားနေသည်ကို ဇန်နဝါရီ ၂၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗီယက်နမ်တွင် ငါးမွေးမြူရေးအစာ ပြည်ပမှ တင်သွင်းရမှုများပြားလာ

ဟနွိုင်း ဇန်နဝါရီ ၂၇

ဗီယက်နမ်နိုင်ငံတွင် ငါးမွေးမြူရေးလုပ်ငန်းအတွက် တစ်နှစ်လျှင် ငါးစာတန်ချိန် ၇၅၀၀၀၀ မျှ သုံးစွဲလျက်ရှိရာ ထိုပမာဏ၏ ငါးပုံတစ်ပုံဖြစ်သော တန်ချိန် ၁၅၀၀၀၀ ခန့်ကို ပြင်ပနိုင်ငံများမှ ဝယ်ယူရကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ထုတ်လုပ်

ဗီယက်နမ်နိုင်ငံတွင် ပြည်တွင်း ငါးစာ အဓိကထုတ်လုပ်သော လုပ်ငန်းပေါင်း ၁၃ ခုရှိပြီး တစ်နှစ်လျှင် ငါးစာတန်ချိန် ၄၀၀၀၀၀ ထုတ်လုပ်သည်။ ထပ်မံလိုအပ်နေသော ငါးစာများကို ထိုင်း၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့မှ အဓိကတင်သွင်းရကြောင်း ကုန်သွယ်ရေးဌာန၏ ဇန်နဝါရီ ၂၆ ရက်တွင် ထုတ်ပြန်သော သတင်းအရ သိရှိရသည်။

ဗီယက်နမ်နိုင်ငံတွင် ငါးမွေးမြူရေးကန် ဧရိယာပေါင်း ၉၀၃၀၀၀ ဟက်တာရှိပြီး ထိုကန်များမှ ပင်လယ်အစားအစာအဖြစ် ငါးနှင့် ပုဇွန်များကို နှစ်စဉ် တန်ချိန် သုံးသန်းခန့် ထုတ်လုပ်ပေးသည်။ မွေးမြူရေး ပင်လယ်အစားအစာကို ပြည်ပသို့ တင်ပို့မှုကြောင့် ယခုနှစ် ဇန်နဝါရီလတွင် အမေရိကန်ဒေါ်လာ သန်း ၁၅၀ ရရှိခဲ့သည်။ ထိုပမာဏသည် ယမန်နှစ် ဇန်နဝါရီလကထက် ၃၀ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း ဖော်ပြထားသည်။

ပင်လယ်ထွက် အစားအစာ တင်ပို့မှုကြောင့် ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ ဝင်ငွေရရှိရန် ရည်မှန်းထားသည်။

ဈေးကွက်များ

ထိုရည်မှန်းချက်မှာ ယခင်နှစ်ကထက် ၈ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန် ရည်မှန်းထားခြင်းဖြစ်ကြောင်း သိရသည်။ ဗီယက်နမ်နိုင်ငံ၏ ပင်လယ်ထွက်အစားအစာ တင်ပို့မှုတွင် အမေရိကန်၊ ဂျပန်၊ ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတို့မှာ အဓိက ဈေးကွက်များဖြစ်ကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီး၏ လူမှုကရုဏာလမ်း

အောင်ကျော်ဆန်း (MRCS)

"ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်" ဆိုသည့် လူမှုကရုဏာရည်မှန်းချက်များကို ဖော်ဆောင်ရန် ၁၉၂၀ ပြည့်နှစ်က စတင်ဖွဲ့စည်းခဲ့သော မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် (၈၅)နှစ်တိုင် သက်တမ်းရှည်ကြာခဲ့ပေပြီ။ ထိုကာလအတွင်း မြန်မာပြည်သူ၊ ပြည်သားအပေါင်းတို့၏ ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများအားကူညီရန် စသည့် လုပ်ငန်းကြီး သုံးသွယ်ကို သမိုင်းအစဉ်အဆက် ကြိုးပမ်းထမ်းဆောင်လျက်ရှိပေသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် နိုင်ငံတော်၏ အရန်အင်အားဖြစ်သကဲ့သို့ သက်တမ်းရှည်ကြာသော လူမှုကရုဏာအဖွဲ့ကြီးလည်း ဖြစ်ပေသည်။ မိမိတို့၏ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လုပ်ရှားဆောင်ရွက်နေသကဲ့သို့ မြန်မာ့ရေမြေသဘာဝ၊ မြန်မာ့သမိုင်းကြောင်းအခြေခံ၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့စရိုက် စံနှုန်းများ၊ အမျိုးသားရေးဝိသေသ ထူးခြားချက်များနှင့် ဆီလျော်ညီညွတ်သည့် လူမှုကရုဏာလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါသည်။

"ကြက်ခြေနီဆိုသည်မှာ ဘေးအန္တရာယ်ကျရောက်နိုင်သူများနှင့် ဘေးအန္တရာယ်ကျရောက်နေသူများကို ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူခုနစ်ချက်နှင့်အညီ ကူညီ၊ ကာကွယ်၊ ကယ်ဆယ်၊ စောင့်ရှောက်လျက်ရှိသော စေတနာလုပ်အားရှင်ကို ခေါ်ဆိုပါသည်။"

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူခုနစ်ချက်မှာ လူမှုကရုဏာဖြင့် စာနာမှု၊ ဘက်မလိုက်မှု၊ ကြားနေမှု၊ လွတ်လပ်စွာဆောင်ရွက်မှု၊ စည်းလုံးညီညွတ်မှု၊ စေတနာဖြင့်ဝန်ဆောင်မှုနှင့် ကမ္ဘာတစ်ဝန်းလွှမ်းခြုံမှုတို့ ဖြစ်ပါသည်။

ထိုကြက်ခြေနီလူမှုကရုဏာလုပ်ငန်းနှင့် ကြက်ခြေနီလှုပ်ရှားမှု၏ အခြေခံမူခုနစ်ချက်တို့သည် မည်ကဲ့သို့ ပေါ်ပေါက်လာခဲ့ပါသနည်း။ လူ့သမိုင်းဖြစ်စဉ်တွင် လူသားတို့သည် မိမိတို့ဘဝရှင်သန်မှုအတွက် ကြင်နာမှုနှင့် စာနာမှုတို့ကို အရင်းခံကာ စည်းလုံးညီညွတ်၍ အေးချမ်းသာယာသော လူ့ဘောင်အဖွဲ့အစည်းကို ထူထောင်ခဲ့ကြသည်။ နောင်အခါတွင် လောဘတရားကြောင့် ရန်သူမိတ်ဆွေ ခွဲခြားဆက်ဆံကာ ပဋိပက္ခများ၊ စစ်ပွဲများ ဖြစ်ပွားလာခဲ့ကြသည်။ ထိုအခါ ရန်သူ၊ မိတ်ဆွေ မခွဲခြားဘဲ ကြင်နာမှုနှင့်စာနာမှုကို အရင်းခံသော လူမှုကရုဏာ လုပ်ငန်းဆိုင်ရာအဖွဲ့တစ်ခုသည် ဟင်နရီဒူးနန့်၏ ကြိုးပမ်းမှုကြောင့် ကြက်ခြေနီသင်္ကေတနှင့်အတူ ပေါ်ထွန်းလာခဲ့လေသည်။

"ကြက်ခြေနီအစ ဟင်နရီဒူးနန့်၏ စာနာတတ်သော နှလုံးသားက"၊ " ကြက်ခြေနီလှုပ်ရှားမှုအစ ဆိုဖာရီနိုစစ်မြေပြင်က" ဟုပင် ကမ္ဘာ့ကြက်ခြေနီသမိုင်းတွင် မှတ်တမ်းတင်ခဲ့ပေသည်။ "ကြက်ခြေနီလှုပ်ရှားမှု ဆိုသည်မှာလည်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း(IFRC)နှင့် အမျိုးသားကြက်ခြေနီအသင်းများ ပေါင်းစည်းလျက် အထက်ဖော်ပြပါ အခြေခံမူခုနစ်ချက်နှင့်အညီ လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။" ထိုသို့လူသားချင်း စာနာမှုကို အရင်းခံကာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုကြီးကို ဖော်ဆောင်ခဲ့ရာ ယနေ့ ၂၀၀၅ ခုနှစ်အထိ ၁၈၁ နိုင်ငံပါဝင်သည့် လူမှုကရုဏာအဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ကမ္ဘာပေါ်တွင် ရပ်တည်လျက်ရှိပေပြီ။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသည့် ဗြဟ္မစိုရ်တရား လေးပါး ထွန်းကားရာ မြန်မာ့လူ့ဘောင်တွင် ကြက်ခြေနီစိတ်ဓာတ်သည် ရှေးပဝေသဏီကာလကပင် ထွန်းကားခဲ့သည်။ "မဟာသုတသောမသုတ္တန်" အနက်တွင် **"မိမိမျက်မှောက်၊ ဒုက္ခရောက်သဖြင့်၊ ပုံထောက်မဲ့ဟူ၊ ဆင်းရဲသူအား၊ စားသောက်နေရေး၊ ဆေးဝါးပေးလျက်၊ လုပ်ကျွေးသမှု၊ ကိစ္စစုကို၊ ကိုယ်ချင်းစာနာ၊ သနားညှာလျက်၊ များစွာပုံသေ၊ ပြုစုတတ်ပေ၏"** ဟူ၍ ဖွင့်ဆိုထားပေသည်။ ယင်းသုတ်တော်ကောင်း လက္ခဏာတရားတော်မှာ ကြက်ခြေနီ၏ အဓိပ္ပာယ်ကို တိုက်ရိုက်ညွှန်းဆိုနေသည်ကို တွေ့မြင်နိုင်ပါသည်။ ကြက်ခြေနီစေတနာလုပ်အားရှင်နှင့်လူမှုကရုဏာရှင်များကိုလည်း ယင်းသုတ္တန်၏ အနက်တွင် **"နဂိုမူလ၊ဓာတ်ခံရသဖြင့်၊ ဘဝနောက်နောင်း၊ကောင်းထက်ကောင်းဖို့၊လမ်းကြောင်းတီထွင်၊ အကြင်ပညာရှင်"** ဟု ဖွင့်ဆိုထားပြန်ပါသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် ကြက်ခြေနီ၏ဖြစ်ထွန်းပေါ်ပေါက်လာသည့် သမိုင်းအစဉ်အလာကောင်းကိုဆက်ခံကာ ရှေ့သို့ ဆက်လက်သယ်ဆောင်လျက်ရှိပါသည်။ အခြားတိုးတက်သော အမျိုးသားကြက်ခြေနီအသင်းများနှင့်ရင်ပေါင်တန်းကာ လူမှုကရုဏာလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသည်။ စွမ်းဆောင်ရည်ပြည့်ဝသော လူမှုကရုဏာအသင်းကြီးအဖြစ် ရပ်တည်နိုင်အောင်လည်း ရေရှည်စီမံချက်များ ချမှတ်ဖော်ဆောင်လျက်ရှိသည်။ **"ဘေးအန္တရာယ်ကျရောက်လွယ်သူများ၏ ဘဝအခြေအနေကို လူသားချင်း စာနာမှုစွမ်းအားအရင်းခံ၍ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပါအံ့"** ဟူသော ကြက်ခြေနီမဟာဗျူဟာ ၂၀၁၀ ကို အခြေခံ၍ **"မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘေးအန္တရာယ်ကျရောက်လွယ်သူများနှင့် ဘေးအန္တရာယ် ကျရောက်နေသူများအတွက် အများပြည်သူတို့ကိုယ်တိုင်ပါဝင်ဆောင်ရွက်သော လူမှုကရုဏာလုပ်ငန်းများ လုပ်ဆောင်သည့် ထိပ်တန်းအဖွဲ့အစည်းဖြစ်လာစေရန်"** ဟူသည့် ရည်မှန်းချက်ကို မြင့်မြင့်မားမားထားရှိပေသည်။

ဤရည်မှန်းချက်ကို ဖော်ဆောင်မည့် လုပ်ငန်းစဉ်ကိုလည်း **"နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၏ စွမ်းပကားဖြင့် အန္တရာယ်ကျရောက်လွယ်သူများ၏ လူမှုအဖွဲ့အစည်းများအတွင်း၌လည်းကောင်း၊ တစ်ဦးချင်းအတွက်လည်းကောင်း၊ ကျန်းမာရေးမြှင့်တင်ရန်နှင့် ဘေးအန္တရာယ်ကင်းဝေးသော ပတ်ဝန်းကျင်ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်မည်။" "ဘေးဒုက္ခကျရောက်စဉ်၊ ဘေးဒုက္ခကျရောက်နေသူများအား ၎င်းတို့၏ ပုံမှန်ဘဝပြန်လည်ရောက်ရှိစေရန် ကူညီဆောင်ရွက်မည်"** ဟူ၍ တိတိကျကျချမှတ်ကာ ဖော်ဆောင်လျက်ရှိပေသည်။

အထက်ပါ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံကြက်ခြေနီအသင်း အလုပ်အမှုဆောင်အဖွဲ့၏ ဦးဆောင်မှုဖြင့် အမှုဆောင်များ၊ ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီ ကြီးကြပ်မှုကော်မတီများ၊ ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီများ၊ မြို့နယ်ကြက်ခြေနီအသင်းများ၊ နိုင်ငံတစ်ဝန်းရှိ စေတနာလုပ်အားရှင်များ၊ ကြက်ခြေနီလုပ်ငန်း ထာဝစဉ်ရှင်သန်အောင် ပံ့ပိုးနေကြသည့် လူမှုကရုဏာရှင်များ၏စွမ်းပကားဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ အကောင်အထည်ဖော်လျက်ရှိသော လုပ်ငန်းများမှာ ကျန်းမာရေးနှင့် စောင့်ရှောက်မှုလုပ်ငန်းများ၊ ရှေးဦးပြုစုခြင်းလုပ်ငန်း၊ အိတ်ချ်အိုင်ဗွီ/အိတ်ဒ်စ်နှင့် မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်း၊ ကျန်းမာရေးပညာပေးလုပ်ငန်း၊ သွေးလှူရှင် စုဆောင်းရေးလုပ်ငန်း၊ ခြေတုတပ်ဆင်ရေးလုပ်ငန်း၊ ကြက်ခြေနီအကြောင်းကြားစာလုပ်ငန်း၊ ဘေးဒုက္ခဆိုင်ရာ စီမံခန့်ခွဲရေးလုပ်ငန်း၊ ကျောင်းကြက်ခြေနီလုပ်ငန်းနှင့် ကြက်ခြေနီဘာသာရပ်ပြန့်ပွားရေးလုပ်ငန်းတို့ ဖြစ်ကြပါသည်။

ယင်းလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရေးနှင့် တိုးတက်အောင်မြင်ရေးအတွက် စီမံခန့်ခွဲရေးဌာန၊ ဘဏ္ဍာရေးဌာန၊ ကျန်းမာရေးဌာန၊ ဆက်သွယ်ရေးဌာန၊ သင်တန်းဌာန၊ ဘေးဒုက္ခဆိုင်ရာစီမံ ခန့်ခွဲရေးဌာန၊ ပံ့ပိုးဌာန၊ မော်တော်ယာဉ်ဌာနတို့ကို ဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိပေသည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၏ ဖွဲ့စည်းမှုနှင့် အသင်းဝင်အင်အားစည်းရုံးမှုအခြေအနေမှာ ပြည်နယ်နှင့်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီ ၁၇ ခု၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ၆၅ ခု၊ မြို့နယ် ကြက်ခြေနီအသင်း ၃၂၄ သင်း၊ တက္ကသိုလ်ကောလိပ်သိပ္ပံ ၃၃ သင်း၊ ရာသက်ပန်အသင်းဝင် ၄၃၅၅၃၊ သာမန်အသင်းဝင် ၃၃၂၆၂၊ ကျောင်းကြက်ခြေနီအသင်းဝင် ၁၀၂၇၆၉နှင့် တပ်ဖွဲ့ဝင် ၂၀၁၂၂၆ တို့ဖြစ်ကြပါသည်။ သက်တမ်းကာလ ရှည်လျားသည်နှင့်အမျှ စွန့်လွှတ်စွန့်စား အနစ်နာခံမှုများစွာနှင့် လူသားတို့၏ ဘေးဒုက္ခအန္တရာယ်ကာကွယ်ခဲ့ကြသော ကြက်ခြေနီ စေတနာလုပ်အားရှင် ကရုဏာရှင်များစွာလည်း ပေါ်ထွန်းခဲ့ပါသည်။

ကမ္ဘာ့ကြက်ခြေနီ အမြင့်ဆုံး ဟင်နရီဒူးနန့်ဆုရှင် ကြက်ခြေနီတပ်ကြပ်ကြီး စိုင်းအောင်လှိုင်မြင့်၊ ဖလောရင့်နိုက်တင်ဂေး ဆုရှင်များဖြစ်ကြသော သူနာပြုအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြ(ငြိမ်း)၊ သူနာပြု ဦးစီးအရာရှိ ဒေါ်အမ်ယောနန်နှင့် သားဖွားဆရာမ ဒေါ်သိန်းရီတို့မှာ မြန်မာနိုင်ငံ၏ ဂုဏ်ကျက်သရေဆောင် မြန်မာကို ကမ္ဘာကသိအောင် စွမ်းဆောင်ခဲ့ကြသည့် ကြက်ခြေနီ လူမှုကရုဏာရှင်များ ဖြစ်ကြပါသည်။ ထိုပုဂ္ဂိုလ်တို့၏ မွန်မြတ်သော စေတနာကိုလည်း မြန်မာနှင့်ကမ္ဘာ့လူသားထုတစ်ရပ်လုံးက မြတ်နိုးလေးစား တန်ဖိုးထားလျက်ရှိကြပါသည်။ ကြက်ခြေနီဆောင်ပုဒ်များ၊ တေးသံများ မြန်မာပြည်သူလူထုကြားတွင် ပျံ့လွင့်နေဆဲဖြစ်သကဲ့သို့ စေတနာလုပ်အားရှင်များ၏ လူမှုကရုဏာလှုပ်ရှားဖော်ဆောင် အောင်မြင်မှု သတင်းများလည်း မွှေးပျံ့ကြိုင်လှိုင်လျက်ရှိပါသည်။

ယခုအခါ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် မဟာဗျူဟာစီမံကိန်းရေးဆွဲရေးလုပ်ငန်း (သတ္တမအကြိမ်) အသင်းခွဲများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ လုပ်ဖော်ကိုင်ဖက် အမျိုးသားကြက်ခြေနီအသင်းများ အစည်းအဝေးတို့ကို အောင်မြင်စွာ ဆောင်ရွက်ပြီးဖြစ်ပေရာ မဝေးတော့သော အနာဂတ်ကာလတွင် စွမ်းဆောင်ရည်ပြည့်ဝသော လူမှုကရုဏာအသင်းကြီးအဖြစ် အစဉ်အလာကြီးမားဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်ရင်း နိုင်ငံတကာ ကြက်ခြေနီအဖွဲ့အစည်းများအလယ်တွင် ဝင့်ထည်နိုင်မည်ဖြစ်ပေသည်။

မြင့်မြတ်သည့် စေတနာလုပ်အားရှင်ဘဝ၊ လူမှုကရုဏာရှင်ဘဝကို ရာသက်ပန်ခံယူပြီး အရည်အသွေးထက်မြက်ထူးချွန်သည့် စွမ်းဆောင်ရည်တို့ဖြင့် ပြည်သူ့အကျိုးပြု ကြက်ခြေနီလုပ်ငန်းများကို စွမ်းစွမ်းတမံ ဖြည့်ဆည်းဆောင်ရွက်နေသူများကိုလည်းကောင်း၊ ကျင်းပလျက်ရှိသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အဋ္ဌမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံကိုလည်းကောင်း ဤဆောင်းပါးဖြင့် အလေးအမြတ် ဂုဏ်ပြုအပ်ပါသည်။ ။

မြန်မာနိုင်ငံကြက်ခြေနီအသင်း

အဋ္ဌမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာညီလာခံ

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်

သူနာပြုတက္ကသိုလ်(ရန်ကုန်)

အထက(၁)မရမ်းကုန်း (သမိုင်းမြို့မအထက)နှစ်(၆၀)ပြည့်အကြို (၁၀)ကြိမ်မြောက် သက်ကြီးအာစရိယ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပရန် စီစဉ်လျက်ရှိရာ ပူဇော်ပွဲကျင်းပရေးနာယကအဖွဲ့ဝင် ကျောင်းအုပ်ဆရာကြီး(ငြိမ်း) ဦးမြင့်ဆွေ (ခေတ္တရာမြင့်ဆွေ)နှင့် သားမောင်မောင်ကို၊ သမီးဥမ္မာမြင့်(ပညာ ရွှေရောင်မိတ္တူ၊ ကွန်ပျူတာစာစီလုပ်ငန်း) မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းထံသို့ ဇန်နဝါရီ ၂၅ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃-လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၄၇၊ ပထမထပ်၊ ၁၉ လမ်း၊ လသာမြို့နယ် မိခင်ကြီး ဒေါ်တင်အေးအားအမှူးထား၍ သမီး ဒေါ်ပိုးဝါက ငွေကျပ်တစ်သိန်းကို ဦးစိုးမြတ်အောင် (အတွင်းရေးမှူး) သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၈

သန်လျင်မြို့ စာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယက ဓမ္မာစရိယ နယ်လှည့်ဓမ္မကထိက အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယ အရှင်ဥတ္တရသည် ဖေဖော်ဝါရီ ၈၊ ၉ ရက်ညများတွင် မင်းပြားမြို့ ပဋ္ဌာသီလရက္ခိတအသင်း၊ ၁၁၊ ၁၂ ရက်ညများတွင် မြောက်ဦးမြို့ ဗန္ဓုလကျောင်း၊ ၁၃၊ ၁၄ ရက် ညများတွင် စစ်တွေမြို့ သကျမုနိဘုရား၊ ၁၇ ရက်ညတွင် ရန်ကုန်မြို့ အလုံလွတ်လပ်ရေးရပ်ကွက်၊ ၁၈၊ ၁၉ ရက်ညများတွင် ကဝမြို့နယ် သက္ကလရွာ၊ ၂၂၊ ၂၃ ရက်ညများတွင် ကျုံပျော်မြို့နယ် ကြို့ကုန်း ပြည်တော်အေးစေတီ ဘုရားပွဲ၊ ၂၄ ရက်ညတွင် သန်လျင်မြို့နယ် လဟာရက်ရွာ ဂုဏဝိသိဋ္ဌပူဇော်ပွဲနှင့် ၂၆၊ ၂၇၊ ၂၈ ရက်ညများတွင် ဓနုဖြူမြို့နယ်သံကြိုးရွာ ဝိနည်းစာတော်ပြန်ပွဲတို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ **ဆရာတော်ဦးဇောတိက တရားတော် "ဘဒ္ဒေ ကရတ္တသုတ်"**
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပဟန် ဂီတသံ
- **၄:၂၀** ၄။ ချစ်သူစုံတွဲတူယှဉ်၍
- **၄:၃၀** ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၃၅** ၆။ မြန်မာသံစဉ်ချိုနှားဝင်
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** -Problems of Philosophy, The nature and scopr of Philosophy -(တတိယနှစ်-ဒဿနိကအထူးပြု)
- **၅:၃၀** ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ငယ်ချစ်ဦး" (အပိုင်း-၆)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၁၉။ မြန်မာ့ရှုခင်း
  - ၂၀ ။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
  - ၂၁။ FA Cup ဘောလုံးပွဲ **Arsenal Vs Wolves hamptom Wanderer**
  - ၂၂။ သင့်အတွက်မနက်ဖြန်
  - ၂၃။ အပိတ်နှုတ်ဆက်စကား
  - ၂၄။ ပြီးပါပြီ။

ဇန်နဝါရီ ၂၈ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။
(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းသား၊ သင်တန်းသူများ ဆက်လက်လေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၈

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများသည် လေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီးဇော်မင်းသိန်း၊ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဒုတိယပါမောက္ခချုပ် ဒေါ်ခင်စီစီနှင့် တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ဦးရဲလှမြတ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ရှင်းလင်းပြောကြား

ထိုမှတစ်ဆင့် လေ့လာရေး သင်တန်းသား၊ သင်တန်းသူများသည် သစ်တောဦးစီးဌာန တိရစ္ဆာန်ဥယျာဉ်များဌာနခွဲ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထိမ်းအမှတ်အလံများ လဲလှယ်ကြပြီး သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လေ့လာရေး သင်တန်းသား၊ သင်တန်းသူများသည် တိရစ္ဆာန်ယဉ်ကျေးလိမ္မာ ပြပွဲဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)အတွင်း အဖွဲ့လေးဖွဲ့ခွဲ၍ ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ကန်တော်ကြီး သဘာဝဥယျာဉ်သို့ ရောက်ရှိကြရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဌာနမှူး ဦးညွန့်ဖေက ကန်တော်ကြီး သဘာဝဥယျာဉ် အကြောင်း သိကောင်းစရာများနှင့် စနစ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ လေ့လာရေး သင်တန်းသား၊ သင်တန်းသူများသည် Education Zone ရှိ ကန်တော်ကြီး ရေချိုငါးဥယျာဉ်သို့ ရောက်ရှိကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ကန်တော်ကြီး ရေချိုငါးဥယျာဉ် အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် လေ့လာရေး သင်တန်းသား၊ သင်တန်းသူများသည် ကန်တော်ကြီး သဘာဝဥယျာဉ်၏ သဘာဝအလှအပများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး Recreation Zone သို့ ရောက်ရှိကြရာ ဇေကမ္ဘာကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်ဇေဇင်လတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

(သတင်းစဉ်)

ရန်ကုန်မြို့တွင် လေ့လာရေးခရီး ရောက်ရှိနေသော ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများ ပြည်သူ့လွှတ်တော် အဆောက်အအုံအတွင်း လေ့လာကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ထူးခြားသည့်ညအပူချိန်များ

၂၈-၁-၂၀၀၅

နမ့်ဆန်မြို့
၄ဒီဂရီ စင်တီဂရိတ်

လားရှိုးမြို့၊ ဟဲဟိုးမြို့၊ ပင်လောင်းမြို့နှင့် ပြင်ဦးလွင်မြို့
၅ဒီဂရီ စင်တီဂရိတ်

မိုးကုတ်မြို့
၆ဒီဂရီ စင်တီဂရိတ်

ကရင်ပြည်နယ်အတွင်း လမ်း၊ တံတားလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းတွင် ဘီးလင်းမြို့နယ်၊ သထုံမြို့နယ်၊ ပေါင်မြို့နယ်အတွင်း လမ်းတစ်လျှောက် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့မှ ဘားအံမြို့သို့ ကော့ကျိုက်-ကော့ပရံလမ်းအတိုင်း ထွက်ခွာပြီး မိုင်တိုင်(၆/၀)နှင့် (၇/၀)အတွင်း ကတ္တရာထပ်ပိုးလွှာတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက လမ်းတာဝန်ခံ အင်ဂျင်နီယာအား လမ်းခင်းကျောက်အရွယ်အစားနှင့် အရည်အသွေး မှန်ကန်စွာ အသုံးပြုရေး၊ ကတ္တရာများကို အလေအလွင့်မရှိ စနစ်တကျအသုံးပြုရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံ-ပိုင်ရမ်းလမ်း မိုင်တိုင်(၂/၆)ထိ သွားရောက်စစ်ဆေးပြီး လမ်းတိုးတက်ကောင်းမွန်ရေးအတွက် စနစ်တကျကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ကရင်ပြည်နယ် အင်ဂျင်နီယာမှူးကြီးရုံးသို့ ရောက်ရှိရာ ဘားအံခရိုင် အင်ဂျင်နီယာမှူး ဦးတင်အောင်က ဘားအံ-နောင်လုံ-ဂျိုင်းလမ်း၊ အိန္ဒူ-ဇာသပြင်လမ်းအပိုင်းတို့တွင် ရန်ပုံငွေရရှိမှု၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို လမ်းပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ကရင်ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးအုန်းဟန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လမ်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျာထားချက်များနှင့်အညီ လုပ်ငန်းများ အပြီးဆောင်ရွက်ရန်၊ လိုအပ်ချက်အရ လမ်းချဲ့ဆောင်ရွက်ရာတွင် ကျောက်အရွယ်အစားမှန်ကန်ပြီး စနစ်တကျ ဆောင်ရွက်ရန်၊ လုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ရန် တို့ကို မှာကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် သံလွင်တံတား(မော်လမြိုင်)၏ မော်လမြိုင်ဘက်ကမ်း မီးရထားတံတားတိုင် MR(40) နှင့် မုတ္တမဘက်ကမ်း မီးရထားတိုင် YR(41) တို့၌ ဘိုးပိုင်တူးခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ သတ်မှတ်ချိန်အတွင်း ဆောလျင်စွာ ပြီးစီးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။ မီးရထားတံတား တည်ဆောက်ရေးလုပ်ငန်းမှာ မော်လမြိုင်ဘက်ကမ်းတွင် ၇၉တိုင်ရှိသည့်အနက် ၃၆တိုင်ပြီးစီးလျက် မုတ္တမဘက်ကမ်းတွင် တိုင် ၉၀ရှိသည့်အနက် ၂၆တိုင် ပြီးစီးနေပြီဖြစ်သည်။

(သတင်းစဉ်)

တစ်မျိုးသားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် ကြိုးပမ်းခဲ့ခြင်းကြောင့် ယနေ့ဆိုလျှင် နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဖြစ်ထွန်းနေ

နယ်စပ်ဒေသများ၌ လူငယ်များ ပညာကို မြတ်မြတ်နိုးနိုး သင်ယူလိုစိတ်များ ရှင်သန်လာရန်ပြုစုပျိုးထောင်

☆ ရွှေဖုံးမှ

အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းကြီးကြပ်သူ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

သြဝါဒစကားမြွက်ကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သြဝါဒစကားမြွက်ကြားရာတွင် ယနေ့ အခမ်းအနား၌ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် နောက်ဆုံးနှစ် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းပြီးဆုံး၍ မိမိတို့ ဇာတိရပ်ရွာဒေသများသို့ ပြန်လည်သွားရောက်တာဝန်ထမ်းဆောင်ရာ၌ ထားရှိရမည့် ခံယူချက်၊ နိုင်ငံတော်၏အကျိုး၊ ရပ်ရွာဒေသ၏အကျိုးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပတ်သက်ပြီး မှာကြားဖွယ်ရာများကို မှာကြားသွားမှာဖြစ်ကြောင်း။

နိုင်ငံတော်၏တာဝန်ကို မိမိတို့တစ်တွေ စတင်ယူခဲ့ရချိန်မှာ နိုင်ငံတော်၏ ပကတိအခြေအနေကို သုံးသပ်ကြည့်လိုက်သည့်အခါ နိုင်ငံတော်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ ပြန်လည်တည်ဆောက်ပြီး လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်နိုင်ရန် အရေးတကြီးလိုအပ်နေသကဲ့သို့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း တစ်ပြိုင်နက်တည်းဆောင်ရွက်ရမည့် အခြေအနေ ရောက်နေသည်ဆိုသည်ကို တွေ့ရကြောင်း။

မှန်ကန်စွာသုံးသပ်ချမှတ်

ထို့ကြောင့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်လက်တွဲပြီး ကိုလိုနီနယ်ချဲ့၏ ဆိုးမွေများကင်းရှင်းသည့် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်စေရန် နိုင်ငံတော်၏သမိုင်းကြောင်းအခြေခံများ၊ လက်ရှိ ပကတိအခြေအနေများနှင့် ကိုက်ညီသည့် အမျိုးသားရေးမူဝါဒနှင့် အမျိုးသားရေးဦးတည်ချက်များကို နိုင်ငံတော်အစိုးရအနေဖြင့် မှန်ကန်စွာသုံးသပ်ချမှတ်ပြီး အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် အစဉ်အမြဲမှန်ကန်နေမည့် ထာဝရ သစ္စာတရားဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသော ဒို့တာဝန်အရေး (၃)ပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်ကျင့်သုံးခဲ့ကြကြောင်း။

တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပြန်လည်တည်ဆောက်ခဲ့ပြီး လက်နက်ကိုင် ပဋိပက္ခများကိုလည်း ချုပ်ငြိမ်းစေခဲ့ကြောင်း၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း။

ကွာဟချက်ကျဉ်းမြောင်းရေး

ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်းပပျောက်ရေးနှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး ဆက်သွယ်ဆက်ဆံမှု တိုးတက်လာသည်နှင့်အမျှ အသိအမြင်၊ အတွေးအခေါ်၊ အယူအဆတို့ပါ တစ်သားတည်းဖြစ်လာကာ ပြည်ထောင်စုစိတ်ဓာတ်လည်း ပိုမိုထွန်းကားပြီး ခိုင်မာလာစေမည်ဆိုသည့် ခံယူချက်ဖြင့် တစ်နိုင်ငံလုံး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြောင်း။

နိုင်ငံတော်တစ်ဝန်းလုံး၌ ဒေသလိုအင်များ၊ အခြေအနေပေးမှုများ၊ အလားအလာကောင်း များနှင့်အညီ တစ်ပြိုင်နက်တည်း ဖြန့်ကြက်ပေါင်းစပ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ၊ ဖွံ့ဖြိုးရေးအထူးစီမံကိန်းကြီးများ၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းများနှင့် အမျိုးသားစီးပွားရေး စီမံကိန်းများကို တစ်ပြိုင်နက်တည်းပေါင်းစည်းကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးမှာ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဆိုသည်မှာ မည်သူမျှမငြင်းနိုင်သည့် အမှန်တရားအဖြစ် တွေ့ရမှာဖြစ်ကြောင်း။

သိသာစွာမြင့်မားလာခဲ့

ယင်းသို့ နိုင်ငံတော်အစိုးရက နယ်ပယ်ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှု အခြေခံ အဆောက်အအုံများကို အောင်အောင်မြင်မြင် ကြိုးပမ်းတည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူများအားလုံးကလည်း နိုင်ငံတော်အစိုးရ၏ မွန်မြတ်သည့်စေတနာနှင့် မှန်ကန်သည့်မူဝါဒများကို သိမြင်လက်ခံလာခဲ့ကြကြောင်း၊ တစ်မျိုးသားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် ပူးပေါင်းပါဝင် လက်တွဲကြိုးပမ်းဆောင်ရွက်လာခဲ့ခြင်းကြောင့် ယနေ့ဆိုလျှင် နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဖြစ်ထွန်းနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးဘဝ ပိုမိုကောင်းမွန်တောင့်တင်းလာသကဲ့သို့ တိုင်းရင်းသားပြည်သူများအားလုံး၏ လူနေမှုဘဝ အဆင့်အတန်းမှာလည်း သိသာစွာ မြင့်မားလာခဲ့ပြီဖြစ်ကြောင်း။

မောင်တို့ မယ်တို့အတွက် ယခုစီစဉ်ပေးထားသည့် လေ့လာရေးခရီးစဉ်တစ်လျှောက်၌ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းမှု အခြေခံကောင်းများ အစီအရီဖြစ်ထွန်းနေသည်ကို မျက်မြင်တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ ဤသို့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများပေါ်ထွန်းလာစေရအောင် ဟိုးယခင်ချို့ချို့ငဲ့ငဲ့ အခြေအနေကစပြီး မိမိတို့အားလုံး နေ့မအား ညမနား အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြ၍ ယနေ့အခြေအနေကို ရောက်ခဲ့ရခြင်းဖြစ်ကြောင်း။

လွဲမှားသည့်အစွဲအလမ်းများဖယ်

အလားတူပင် နယ်စပ်ဒေသများ၌ နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်ခဲ့ရသည့် ဘဝကနေ ယခုကဲ့သို့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ဖြစ်ထွန်းလာခဲ့ရသည်မှာလည်း မိမိတို့အားလုံးက ကိုယ်စီကိုယ်စီ၏ လွဲမှားသည့် အစွဲအလမ်းအယူအဆများကို ဖယ်ခွာနိုင်ခဲ့ကြခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည်ထွန်းကား ပြန့်ပွားလာခဲ့ပြီး မိသားစုစိတ်ဓာတ်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြ၍ပင်ဖြစ်ကြောင်း။

ဤသို့ နိုင်ငံ့ခေါင်းဆောင်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားစွာ ကြိုးပမ်းတည်ဆောက်ခဲ့ကြသည့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းသာယာမှု အခြေခံကောင်း၊ အကျိုးရလဒ်ကောင်းများကို ရေရှည်ထိန်းသိမ်း သယ်ဆောင်မြှင့်တင်သွားနိုင်စေရန် နယ်စပ်ဒေသများနှင့် တကွ တိုင်းရင်းသားလူမျိုးများ၏အကြားတွင် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ ခေတ်ပညာအသိအမြင် ပြည့်စုံကြွယ်ဝသည့် လူ့စွမ်းအားအရင်းအမြစ် အခြေခံကောင်းများ ဖြစ်ထွန်းလာစေရအောင် ဆက်လက်တည်ဆောက်ပေးသွားကြရန် အထူးအရေးကြီးကြောင်း။

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းပြီးထူထောင်ထားသည့် တက္ကသိုလ်ကြီးဖြစ်သည်နှင့်အညီ မောင်တို့မယ်တို့ကို ပညာရေးဝန်ထမ်းဆရာ၊ ဆရာမများအနေဖြင့် တတ်ကျွမ်းရမည့် သင်ကြားမှု အတတ်ပညာကိုသာမက နယ်စပ်ဒေသများ၌ အထူးလိုအပ်နေသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအခြေခံကောင်းများ တည်ဆောက်ပေးနိုင်စေရန် ဦးဆောင်စည်းရုံးဆောင်ရွက်နိုင်စေမည့် ပညာရပ်များကိုပါ တစ်ပြိုင်တည်း လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်ခဲ့

အထူးသဖြင့် နယ်စပ်ဒေသများ၌ စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ အစဉ်ထာဝရ ဖြစ်ထွန်းနေစေရအောင် စည်းရုံးဦးဆောင်သွားနိုင်စေရန် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးအတွက် အသက်သွေးကြောသဖွယ်ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို မောင်တို့မယ်တို့၏ ရင်ထဲနှလုံးသားထဲမှာ စွဲမြဲခံယူသွားအောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့သည်သာမက မောင်တို့ မယ်တို့ တာဝန်ထမ်းဆောင်ရာ နယ်မြေဒေသများ၌ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ အစဉ်ထာဝရ ထွန်းကားပြန့်ပွား ခိုင်မာစေရအောင် စည်းရုံးဦးဆောင်သွားရမည့် စွမ်းအားနှင့် စိတ်ဓာတ်တို့ကိုလည်း တစ်ပါတည်း မွေးမြူပေးလိုက်ပြီးဖြစ်ကြောင်း။

လူမျိုးစုပေါင်းတစ်ရာကျော်နှင့် ပေါင်းစည်းဖြစ်တည်နေသည့် မိမိတို့၏ ပြည်ထောင်စုကြီးတွင် တိုင်းရင်းသားမျိုးနွယ်စုများအားလုံး တစ်သွေးတည်း တစ်သံတည်း တစ်စိတ်တည်း တစ်ဝမ်းတည်း နှလုံးစိတ်ဝမ်းညီမျှစွာ စိတ်တူကိုယ်မျှ ရှိနေစေရေးမှာ တစ်ဦးနှင့်တစ်ဦး နားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီဖေးမပေးမှု၊ အပြန်အလှန် မှီခိုအားထားယုံကြည်မှုစသည့် စိတ်ဓာတ်ရေးရာအခြေခံကောင်းများ ဖြစ်ထွန်းနေပြီး ယင်းအခြေခံကောင်းများက ပေါက်ဖွားလာသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ် အစဉ်ထာဝရ မြဲမြဲခိုင်မာနေစေရန်လိုအပ်ကြောင်း။

အထူးသဖြင့် ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို မောင်ရင်းနှမ စိတ်ဓာတ်နှင့် သေတစ်ပန်သက်တစ်ဆုံး အေးအတူပူအမျှ သုခ၊ ဒုက္ခများ မျှဝေခံစားပြီး ဥမကွဲသိုက်မပျက် အတူတကွ မခွဲမခွာ လက်တွဲပူးပေါင်းနေထိုင်သွားကြမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ထာဝရကိန်းအောင်း ထွန်းကားပြန့်ပွားနေရန်လိုအပ်ကြောင်း။

လက်တွဲရင်ဆိုင်တွန်းလှန်

အလားတူပင် တိုင်းတစ်ပါး၏ဗိုလ်ကျစိုးမိုးမှု၊ သြဇာပေးခြယ်လှယ်မှုတို့ကို တိုင်းရင်းသားများအားလုံး လက်တွဲရင်ဆိုင်တွန်းလှန်ပြီး မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားအတွက် မိမိတို့ကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်သည့် အမျိုးသားရေးလမ်းကြောင်းမှန်ပေါ်၌ တည့်တည့်မတ်မတ် ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်စေရန်အတွက် မိမိတို့တိုင်းပြည်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စွဲစွဲမြဲမြဲဆုပ်ကိုင်သွားနိုင်ရန် အရေးကြီးကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးဖြစ်သော အမျိုးသားရေးမူဝါဒကို မောင်တို့ မယ်တို့ကိုယ်တိုင်က စွဲမြဲစွာယုံကြည်ခံယူထားကြရန်လိုအပ်ကြောင်း။

ထို့ပြင် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများကို မျိုးဆက်သစ်လူငယ်များ အပါအဝင် တိုင်းရင်းသားပြည်သူများအားလုံးက အလေးအနက်ယုံကြည်ခံယူကျင့်သုံးလာစေရအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ပြည့်ပြည့်ဝဝ ခိုင်ခိုင်မာမာ ထွန်းကား ပြန့်ပွားနေစေရအောင် မောင်တို့မယ်တို့က ဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးက ပြုစုပျိုးထောင်ပေးထားသည့် စည်းရုံးရေးမှူးကောင်းများပီပီ ဦးဆောင်စည်းရုံးသွားကြရန် ပထမအချက်အနေဖြင့် မှာကြားလိုကြောင်း။

ဥမကွဲသိုက်မပျက် မခွဲမခွာ လက်တွဲပူးပေါင်းနေထိုင်

အထူးသဖြင့် ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို မောင်ရင်းနှမ စိတ်ဓာတ်နှင့် သေတစ်ပန် သက်တစ်ဆုံး အေးအတူ ပူအမျှ သုခ၊ ဒုက္ခများ မျှဝေခံစားပြီး ဥမကွဲ သိုက်မပျက် အတူတကွ မခွဲမခွာ လက်တွဲပူးပေါင်း နေထိုင် သွားကြမည်ဆိုသည့် ပြည်ထောင်စုစိတ်ဓာတ် အစဉ် ထာဝရ ကိန်းအောင်း ထွန်းကားပြန့်ပွားနေရန် လိုအပ်။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများပါမကျန် ကျေးလက်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေး၊ သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေး၊ ကျေးလက်နေ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်း မြင့်မားရေး၊ ကျေးလက်စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးတို့ကို အထူးပြုမြှင့်တင်ပေးသွားမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ **တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု** တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) **သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

မောင်တို့မယ်တို့သည် ဝေးလံခေါင်ဖျားသည့်ဒေသများ၌ ပညာရေးတာဝန်များကို အဓိကသွားရောက်တာဝန်ထမ်းဆောင်ကြရမှာဖြစ်ကြောင်း၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရရှိဖြစ်ထွန်းပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို မျိုးဆက်တစ်ဆက်မှ တစ်ဆက်တိုင် သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်း သယ်ဆောင်မြှင့်တင်သွားနိုင်စေ ရန်မှာ နယ်စပ်ဒေသများက မျိုးဆက်သစ်လူငယ်များ ပညာတတ်မြောက် ရေးသည် ပဓာနအကျဆုံး လိုအပ်ချက်ဖြစ်ကြောင်း။

ယင်းခံယူချက်နှင့်အညီ နယ်စပ်ဒေသများ၌ လူငယ်များ စာတတ်မြောက်လာအောင်၊ ပညာကို လိုလိုလားလား မြတ်မြတ်နိုးနိုး သင်ယူလိုသည့် စိတ်ထားများ ရှင်သန်လာအောင် အလေးအနက်ထား ပြုစုပျိုးထောင်ပေးကြရန် ဒုတိယအချက်အနေဖြင့် မှာကြားလိုကြောင်း။

အထူးသဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် မျိုးဆက်သစ်လူငယ်များကို စာတတ်မြောက်စေရန် အသိပညာသာမက ဒေသဖွံ့ဖြိုးရေး အပါအဝင် ဒေသခံများ၏ စားဝတ်နေရေး၊ စီးပွားရေး အခြေခံလိုအပ်ချက်များကို ကိုယ်တိုင်ကိုယ်ကျ ဆောင်ရွက်နိုင်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများကိုလည်း သင်ကြားပေးနိုင်စေရမှာ ဖြစ်ကြောင်း။

သို့မှသာ ဒေသခံတိုင်းရင်းသားကလေးငယ်များ၏ ဘဝရှေ့ရေးခိုင်မာစေပြီး စားဝတ်နေရေးပြည့်စုံဖူလုံမှု၊ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားမှု အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်လာမှာဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလည်း အရှည်တည်တံ့စေမှာဖြစ်ကြောင်း။

ယင်းသို့စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို ထပ်ဆင့်ဖြန့်ဖြူးနိုင်စေရအောင် မောင်တို့မယ်တို့ကို အမိဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးက လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီးဖြစ်ကြောင်း။

သဘောသဘာဝမတူညီ

ထို့ကြောင့် အမိဖွံ့ဖြိုးရေးတက္ကသိုလ်က မွေးထုတ်ပေးလိုက်သည့် မောင်တို့မယ်တို့သည် ပညာရေးဝန်ထမ်းများဖြစ်သော်လည်း အခြားသောပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများနှင့် သဘောသဘာဝချင်း မတူညီဘူးဆိုသည်ကို မောင်တို့မယ်တို့ အားလုံးက လေးလေးနက်နက် သဘောပေါက်ခံယူထားကြရန် လိုကြောင်း။

မောင်တို့ မယ်တို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်ကဏ္ဍစုံတွင် လက်တွေ့ပါဝင်ဆောင်ရွက်နိုင်စေရန် လေ့ကျင့်ပေးထားပြီး ဖြစ်သည်နှင့်အညီ ယင်းဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များကို နယ်ပယ်ကဏ္ဍမရွေး တက်တက်ကြွကြွ ဦးဆောင်စည်းရုံး ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန် တတိယအချက်အနေဖြင့် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများပါမကျန် ကျေးလက်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်စေရေး၊ သန့်ရှင်းသည့်သောက်သုံးရေရရှိရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို အထူးပြုမြှင့်တင်ပေးသွားမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယင်းကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်သည် ဒေသဖွံ့ဖြိုးမှုတိုးမြှင့်ပေးရေးနှင့် ဒေသခံများ၏ လူနေမှုဘဝအဆင့်အတန်းမြှင့်တင်ပေးရေးတို့တွင် အခြေခံအကျဆုံးနှင့် အလိုအပ်ဆုံးလုပ်ငန်းများလည်းဖြစ်ကြောင်း။

ထို့ကြောင့် မောင်တို့ မယ်တို့အားလုံးက မိမိတို့တာဝန်ကျရာဒေသ၏ ပညာရေးအခြေခံများ မြင့်မားစေရေးကအစပြုပြီး လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေး၊ ကျေးလက်နေပြည်သူများ သန့်ရှင်းသည့် သောက်သုံးရေရရှိရေးနှင့်တကွ ကျန်းမာရေးနှင့်ညီညွတ်သည့် နေထိုင်စားသောက်မှု အလေ့အထနှင့် ဗဟုသုတများ ပြန့်ပွားစေရေး၊ ဒေသခံတိုင်းရင်းသားများ စားဝတ်နေရေး ပြည့်စုံဖူလုံရေး၊ လူတန်းစေ့နေထိုင်နိုင်စေရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ အပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရေးလုပ်ငန်း တာဝန်များကို မိမိတို့ကိုယ်တိုင် တက်တက်ကြွကြွ အားသွန်ခွန်စိုက် ပါဝင်ကြိုးပမ်းဆောင်ရွက်ရင်း ဒေသခံပြည်သူများကိုလည်း မှန်ကန်သည့် စည်းရုံးဦးဆောင်မှုပေးသွားကြရန် မှာကြားလိုကြောင်း။

ကချင်ပြည်နယ် မန်စီမြို့နယ်မှ လာချစ်တိုင်းရင်းသား မောင်ချန်းဘောမ်က သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား ဂါရဝပြုစကား ပြောကြားစဉ်။
(သတင်းစဉ်)

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ—

- **မောင်တို့မယ်တို့အားလုံး အမိဖွံ့ဖြိုးရေးတက္ကသိုလ်ကြီးက ပြုစုပျိုးထောင်ပေးလိုက်သည့် ပညာရည်အဆင့်အတန်း၊ အရည်အသွေးနှင့် စိတ်ဓာတ်စွမ်းအားတို့ ပိုမိုတိုးတက်မြင့်မားအောင် ဆက်လက်ကြိုးစားအားထုတ်သွားကြပါ၊**
- **အလားတူပင် မိမိတို့ကဲ့သို့သော စွမ်းရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ နယ်စပ်ဒေသများ၌ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ဆင့်ပွားပြုစုပျိုးထောင်မွေးထုတ်ပေးကြပါ၊**
- **တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးပွားခိုင်ခံ့စေရန်နှင့် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးတို့အတွက် နယ်စပ်ဒေသများ၌ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းနေစေရအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားသည်။

ဂါရဝပြုစကားပြောကြား

ထို့နောက် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများကိုယ်စား ကချင်ပြည်နယ် မန်စီမြို့နယ်မှ လာချစ်တိုင်းရင်းသား မောင်ချန်းဘောမ်က ဂါရဝပြု စကားပြောကြားရာတွင် ဥက္ကဋ္ဌကြီးရဲ့ မိန့်မှာချက်တွေကို ဘဝအတွက် အရေးပါတဲ့ လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူပြီး အလေးအနက်ထား လိုက်နာဆောင်ရွက်သွားပါ့မယ်လို့ ရိုသေစွာ ကတိပြုအပ်ပါတယ်ခင်ဗျား။

သားတို့သင်တန်းလက်ခံပတ်ဟာ တက္ကသိုလ်မှာဖွင့်လှစ်တဲ့ ပညာရေးဘွဲ့ လေးနှစ်သင်တန်းကို ပထမဦးဆုံး တက်ရောက်ခွင့်ရတဲ့ သင်တန်းအမှတ်စဉ် ဖြစ်ပါတယ်။ နယ်စပ်ဒေသက တိုင်းရင်းသားတွေရဲ့ဘဝ တိုးတက်လာအောင် နိုင်ငံတော်အစိုးရက အလေးအနက်ထား ဆောင်ရွက်ပေးရာမှာ ထိရောက်တဲ့ အထောက်အကူဖြစ်စေဖို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့် မြှင့်တင်ပေးခဲ့ပြီး ပညာရေးလုပ်ငန်းတွေမှာ အားမြှင့်ဆောင်ရွက်နိုင်ဖို့အတွက်ကိုလည်း ပညာရေးဘွဲ့ လေးနှစ်သင်တန်းကို သားတို့ တက္ကသိုလ် မှာ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ စီမံပေးမှုနဲ့ ဒေသအကျိုးကိုဆောင်ရွက်လိုတဲ့သားတို့ ပညာရေးဘွဲ့သင်တန်းကို တက်ရောက်ဆည်းပူးခွင့် ရခဲ့ပါတယ်။ သင်တန်းကာလတစ်လျှောက်လုံး နိုင်ငံတော်ရဲ့ တာဝန်ယူစောင့်ရှောက်မှုနဲ့ အမိတက္ကသိုလ်က လေ့ကျင့်သင်ကြားပေးတဲ့ ပညာရပ်တွေကို သားတို့ တတ်မြောက်အောင် သင်ယူနိုင်ခဲ့ပြီး မကြာခင်မှာ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်တွေကို ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ တာဝန်ထမ်းဆောင်ရချိန်မှာ သားတို့အပေါ်ထားရှိတဲ့ နိုင်ငံတော်အစိုးရရဲ့ စေတနာနဲ့ ကျေးဇူးတရားတွေကို အစဉ်ဦးထိပ်ထားပြီး နိုင်ငံတော်ရဲ့ သားကောင်းသမီးမွန်များပီသစွာ ပေးအပ်တဲ့တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်သွားပါ့မယ်လို့ ကတိပြုတင်ပြအပ်ပါတယ်ခင်ဗျား။

ပညာရေးအလေးထားမြှင့်တင်

နိုင်ငံတော်ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး မျှော်မှန်းတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိအောင် ကြိုးပမ်းဖော်ဆောင်ရာမှာ နယ်မြေဒေသ တိုးတက်ဖွံ့ဖြိုးရေးကို ဆောင်ရွက်နိုင်မယ့် ပညာတတ်လူငယ်တွေ ပေါ်ထွက်လာအောင် နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို အလေးထားပြီး မြှင့်တင်ဆောင်ရွက် ပေးနေတဲ့အတွက် ယခင်က ပညာသင်ယူဖို့ အခက်အခဲရှိတဲ့ နယ်စပ်ဒေသတွေမှာ အခြေခံပညာကျောင်းပေါင်း ၇၉၀ကျော် ဖြစ်ထွန်းလာပြီး ဒေသခံလူငယ် ၁၁၀,၀၀၀ကျော်ဟာ အခြေခံပညာတွေကို သင်ယူနေကြပြီ ဖြစ်ပါတယ်။ တစ်ဆက်တည်းမှာပဲ အဆင့်မြင့်တက္ကသိုလ်ပညာရပ်တွေကိုလည်း မိမိတို့ဒေသတွေမှာပဲ သင်ယူနိုင်အောင် ဒေသအလိုက် တက္ကသိုလ်နဲ့ ကောလိပ်တွေကို တိုးချဲ့ဖွင့်လှစ်ပေးထားတဲ့အတွက် အဆင့်မြင့်ပညာတွေကို ကြိုးစားရင် ကြိုးစားသလောက် သင်ယူနိုင်တဲ့ အခွင့်အလမ်းတွေ သားတို့ ဒေသခံလူငယ်တွေ ရရှိနေကြပြီဖြစ်ပါတယ်။ ဒေသခံလူငယ်တွေ အနေနဲ့လည်း ရရှိလာတဲ့ အခွင့်အရေးကို အကျိုးရှိရှိအသုံးချပြီး မိမိဒေသနဲ့ မိမိနိုင်ငံ တိုးတက်ဖို့ ရည်မှန်းချက်နဲ့ ပညာကြိုးစားသင်ယူနေကြတာဟာ နိုင်ငံတော်အစိုးရရဲ့ အမြော်အမြင်ကြီးစွာ စေတနာထား ဆောင်ရွက်ပေးမှုအပေါ် ရရှိလာတဲ့ ကောင်းမွန်တဲ့ အကျိုးဖြစ်ထွန်းမှုများအဖြစ် တိုင်းရင်းသားအားလုံးက နားလည်ထားကြပါတယ်။ ယခုလို နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးပမ်းအားထုတ်နေချိန်မှာ သားတို့ကလည်း ဒေသခံတိုင်းရင်းသားတွေရဲ့ လူမှုစီးပွားရေးဘဝတွေ တိုးတက်ဖွံ့ဖြိုးလာအောင် တစ်ဖက်က ကူညီရင်း တပည့်တွေကိုလည်း နိုင်ငံတော်ကို တည်ဆောက်ကာကွယ်နိုင်စွမ်းရှိတဲ့ ပညာတတ်လူငယ်တွေဖြစ်လာအောင် ပညာရေးကဏ္ဍကနေ အခြေခံကျကျ တစ်တပ်တစ်အား ပါဝင်ပြီး စိတ်စေတနာအပြည့်နဲ့ စနစ်တကျ ပျိုးထောင်ပေးသွားပါ့မယ်ခင်ဗျား။

စိတ်တူကိုယ်တူဆောင်ရွက်နေ

သားတို့နိုင်ငံဟာ သယံဇာတ ပေါကြွယ်ဝတဲ့နိုင်ငံ ဖြစ်ပါတယ်။ ခေတ်မီပညာတတ်ကျွမ်းတဲ့ လူငယ်တွေ နိုင်ငံတော်မှာ တိုးတက်များပြားလာတာနဲ့အမျှ လူငယ်တွေရဲ့စွမ်းအားနဲ့ အဖိုးတန် သယံဇာတတွေကို ဖော်ထုတ်သုံးစွဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို အချိန်တိုအတွင်းမှာ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေဟာ ရှေးအစဉ်ဆက်ကတည်းက ပြည်ထောင်စုစိတ်ဓာတ်အခြေခံနဲ့ အေးအတူ ပူအမျှ နေထိုင်လာခဲ့ကြပါတယ်။ ဒီနေ့အချိန်အခါမှာလည်း နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်မှုကိုခံယူပြီး ဒေသဖွံ့ဖြိုးရေးနဲ့ နိုင်ငံတော်တိုးတက်ရေးလုပ်ငန်းတွေမှာ စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက်နေကြပါတယ်။ အရည်အချင်းပြည့်ဝတဲ့ တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုအားနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို မလွဲမသွေ တည်ဆောက်နိုင်မယ်လို့ တိုင်းရင်းသားအားလုံးက ယုံကြည်ထားပါတယ်။ တစ်ဖက်မှာလည်း ကိုလိုနီနယ်ချဲ့ရဲ့ သွေးခွဲမှုကြောင့် တစ်ဦးနဲ့တစ်ဦး အထင်အမြင်လွဲမှားပြီး အနေစိမ်းခဲ့ကြတာကိုသင်ခန်းစာယူပြီး နိုင်ငံတော်ကို တည်ဆောက်ကာကွယ်ရာမှာ မရှိမဖြစ်လိုအပ်တဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်ကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းသွားဖို့ တိုင်းရင်းသားအားလုံးက စွဲမြဲစွာခံယူထားကြပြီးဖြစ်ပါတယ်။ သားတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် ထူထောင်နေချိန်မှာ တိုင်းရင်းသားညီအစ်ကိုတွေအားလုံးက ဒီအချိန်ဟာ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေသည့်အတွက် တိုင်းရင်းသားညီအစ်ကိုများကလည်း နိုင်ငံတော်အစိုးရ၏စေတနာကို သိမြင်ပြီး လက်တွဲဆောင်ရွက်လာ

● စာမျက်နှာ ၉ မှ

တိုင်းရင်းသားအားလုံး တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းအားဖြည့် ဆောင်ရွက်ကြရမယ့် အချိန်အခါဖြစ်တယ်လို့ နားလည်သဘောပေါက်စွာနဲ့ စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်နေကြတာဟာ သားတို့နိုင်ငံအတွက် အဖိုးမဖြတ်နိုင်တဲ့ ရလဒ်ကောင်းများပဲ ဖြစ်ပါတယ်။ သားတို့အနေနဲ့ နိုင်ငံနဲ့အဝန်း တက်ညီလက်ညီ အကောင်အထည်ဖော် ဆောင်ရွက်နေချိန်မှာ အမျိုးသားညီလာခံကြီး အပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဒေသခံပြည်သူတွေကို ဦးဆောင်ပြီး တက်တက်ကြွကြွ ကျရာကဏ္ဍကနေ ပါဝင်ဆောင်ရွက်သွားပါ့မယ်ခင်ဗျား။

သားတို့ကို နိုင်ငံတော်က မျှော်မှန်းချက်ကြီးစွာနဲ့ စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ အမိတက္ကသိုလ်မှာ တက်ရောက်နေစဉ် ပညာရေးတာဝန်တွေကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်တဲ့ ပညာရေးဝန်ထမ်းကောင်းတွေ ဖြစ်လာအောင် စနစ်တကျ လေ့ကျင့်ပေးခဲ့သလို ဒေသဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်တွေအဖြစ် တာဝန်ယူနိုင်အောင်လည်း လက်တွေ့ကျကျ သင်ယူတတ်မြောက်စေခဲ့ပါတယ်။ သင်တန်းဆင်းပြီး သားတို့ဒေသကို ပြန်လည်ရောက်ရှိ တာဝန်ထမ်းဆောင်ရချိန်မှာ နိုင်ငံတော်ရဲ့ ကျေးဇူးတရားကို သိတတ်စွာဖြင့် သားတို့ သင်ယူတတ်မြောက်ခဲ့တဲ့ ပညာရပ်တွေကိုအသုံးပြုပြီး နယ်မြေဒေသတွေမှာ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာအောင်၊ နယ်မြေ ဒေသတွေ ဖွံ့ဖြိုးတိုးတက်ပြီး တိုင်းရင်းသား ညီအစ်ကိုတွေရဲ့ လူမှုစီးပွားရေးဘဝတွေ တိုးတက်မြင့်မားလာအောင်၊ တိုင်းရင်းသားညီအစ်ကိုတွေကြားမှာ မှန်ကန်တဲ့ အသိအမြင်အတွေးအခေါ်တွေရရှိပြီး ပြည်ထောင်စုစိတ်ဓာတ်တွေ ရှင်သန်ပြန့်ပွားနေအောင် သားတို့ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားပါမယ်လို့ ဥက္ကဋ္ဌကြီးနဲ့ အကြီးအကဲများရှေ့မှောက်မှာ အလေးအနက်တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျားဟု ဂါရဝပြုတင်ပြသည်။

ဂါရဝပြုပြောကြား

ဆက်လက်၍ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား ကချင်ပြည်နယ် မန်စီမြို့နယ်မှ တိုင်းလျှမ်တိုင်းရင်းသူ မသင်းသင်းထွေး က ဂါရဝပြုစကားပြောကြားရာတွင် ဥက္ကဋ္ဌကြီးအနေနဲ့ သမီးတို့ကို ဂါရဝပြုခွင့်ပေးပြီး ဘဝအတွက်အရေးပါတဲ့ ဩဝါဒလမ်းညွှန်မှုများ ချီးမြှင့်ပေးတဲ့အတွက်

ဂါရဝပြု

ကချင် ပြည်နယ် မန်စီမြို့နယ်မှ တိုင်းလျှမ် တိုင်းရင်းသူ မသင်းသင်းထွေးက သင်တန်းသား၊ သင်တန်း သူ များ ကိုယ်စား ဂါရဝပြုစကား ပြောကြားစဉ်။

(သတင်းစဉ်)

သမီးတို့အားလုံး ဂုဏ်ယူမဆုံး ဖြစ်ကြရပါတယ်။ လမ်းညွှန်မိန့်မှာချက်တွေကိုလည်း လုပ်ငန်းလမ်းညွှန်အဖြစ် အလေးအနက်ခံယူပြီး လိုက်နာဆောင်ရွက်သွားပါ့မယ်လို့ ရိုသေစွာ တင်ပြအပ်ပါတယ်ရှင့်။

သမီးတို့တက္ကသိုလ်ကို နိုင်ငံတော်အစိုးရက တိုင်းရင်းသားတွေရဲ့ ဘဝတိုးတက်ဖို့၊ ပြည်ထောင်စုကြီးတိုးတက်ဖို့ဆိုတဲ့ အလွန်မွန်မြတ်တဲ့ ရည်ရွယ်ချက်တွေနဲ့ တည်ထောင်ပေးခဲ့တာ ယခင်နှစ် အောက်တိုဘာလ ၂၀ ရက်နေ့မှာ တည်ထောင်ခြင်း အနှစ် ၄၀ ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ နှစ် ၄၀ ကာလအတွင်း လေ့ကျင့်ပျိုးထောင်ပေးခဲ့တဲ့ သင်တန်းဆင်းသမီးတို့ အစ်ကိုအစ်မတွေဟာ နိုင်ငံတော်ကပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါတယ်။ သမီးတို့အနေနဲ့လည်း မကြာခင်မှာ အမိတက္ကသိုလ်က ချီးမြှင့်အပ်နှင်းတဲ့ ပညာရေးဘွဲ့ကို ဆွတ်ခူးပြီး နိုင်ငံတော်ရဲ့တာဝန်တွေကို ထမ်းဆောင်ခွင့်ရကြတော့မှာဖြစ်ပါတယ်။

တာဝန်ထမ်းဆောင်ရချိန်မှာ သမီးတို့ရဲ့ အစ်ကိုအစ်မတွေနည်းတူ နိုင်ငံတော်ရဲ့ ယုံကြည်အားထားခြင်းခံရသူများအဖြစ်နဲ့ ပေးအပ်တဲ့တာဝန်တွေကို ဦးလည်မသုန် ထမ်းဆောင်သွားပါ့မယ်လို့ ကတိပြုတင်ပြအပ်ပါတယ်ရှင့်။

စနစ်တကျလေ့ကျင့်ပေးခဲ့

သမီးတို့ကို တာဝန်ထမ်းဆောင်ချိန်မှာ အောင်မြင်တဲ့ ပညာရေးဝန်ထမ်းတွေ အဖြစ်သာမက မိမိတို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာပါ ဦးဆောင်နိုင်တဲ့ ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်တွေဖြစ်လာအောင် တက္ကသိုလ်က စာပေနဲ့ ဆရာအတတ်သင်ဘာသာတွေအပြင် ဖွံ့ဖြိုးရေးနဲ့ အထူးဖွံ့ဖြိုးရေးဘာသာရပ်တွေကို ဂရုတစိုက် သင်ကြားပေးခဲ့ပြီး နိုင်ငံနဲ့လူမျိုးအပေါ် သစ္စာရှိသူတွေ၊ ယုံကြည်ချက် ခံယူချက်ပြည့်ဝသူတွေ၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မြဲသူတွေ ဖြစ်လာအောင်လည်း စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးခဲ့ပါတယ်။ ဒီနေ့မှာလည်း နိုင်ငံတော် အစိုးရက တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဆိုတဲ့ ပညာရေးဆိုင်ရာ အမျိုးသားရေးမျှော်မှန်းချက်ကို ချမှတ်ကာ ပြောင်းလဲတိုးတက်လာတဲ့ သိပ္ပံနဲ့ နည်းပညာတွေ အသုံးပြုပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်နိုင်စွမ်းရှိတဲ့ ခေတ်ပညာတတ် မျိုးဆက်သစ်လူငယ်တွေ ပေါ်ထွန်းလာအောင် ပညာရေးကဏ္ဍကနေ စီမံကိန်းတွေချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါတယ်။ တိုးတက်ရရှိလာတဲ့ အခြေအနေကောင်းတွေကို ထိန်းသိမ်းမြှင့်တင်ပြီး ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ဖို့ ကြိုးပမ်းအားထုတ်နေချိန်မှာ နိုင်ငံတော်က ရည်မှန်းဆောင်ရွက်နေတဲ့ ပညာရေးလုပ်ငန်းစဉ်တွေအပေါ် နားလည်သဘောပေါက်စွာနဲ့ သမီးတို့ သင်ယူတတ်မြောက်ခဲ့တဲ့ ပညာရပ်တွေကို အသုံးပြုပြီး နိုင်ငံတော်အတွက် လိုအပ်နေတဲ့ ပညာတတ်လူငယ်တွေကို သမီးတို့ တာဝန်ထမ်းဆောင်ရာဒေသတွေမှာ စိတ်စေတနာအပြည့်နဲ့ လေ့ကျင့်ပျိုးထောင်ပေးသွားပါ့မယ်ရှင့်၊ တစ်ချိန်တည်းမှာပဲ ဒေသခံပြည်သူတွေကိုလည်း ပညာရေးလုပ်ငန်းစဉ်တွေမှာ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရင်း သမီးတို့ကိုယ်တိုင်လည်း အရည်အချင်းမြင့်မားတဲ့ ပညာရေးဝန်ထမ်းတွေဖြစ်လာအောင် အမိတက္ကသိုလ်မှာ ဖွင့်လှစ်သင်ကြားပေးနေတဲ့ ဘွဲ့လွန်သင်တန်းတွေကို ဆက်လက်တက်ရောက်ဆည်းပူးပြီး နိုင်ငံတော်က ပေးအပ်တဲ့ တာဝန်တွေကို တိုးတက်ထမ်းဆောင်နိုင်အောင် အစဉ်ကြိုးပမ်းအားထုတ်သွားပါမယ်လို့ ကတိပြု တင်ပြအပ်ပါတယ်ရှင့်။

သမီးတို့နိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး တည်ဆောက်ပေးဖို့ ရည်မှန်းပြီး နိုင်ငံတော်အစိုးရက နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဦးတည်ချက်တွေ စနစ်တကျ ချမှတ်အကောင်အထည်ဖော်ပေးနေပါတယ်။ ယခုလို ဆောင်ရွက်ပေးတဲ့အတွက် ယခင်ခေတ်အဆက်ဆက်က လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး စီးပွားရေးဖွံ့ဖြိုးမှု နည်းပါးကာ လူမှုဘဝပြည့်စုံမှုမရှိတဲ့ဒဏ်ကို ခါးစည်းခံခဲ့ရတဲ့ သမီးတို့ နယ်စပ်ဒေသတွေဟာ ဒီနေ့မှာ လမ်းပန်းဆက်သွယ်ရေးနဲ့ လူမှုစီးပွားရေးအခြေခံတွေ ကောင်းမွန်လာသလို စိုက်ပျိုးမွေးမြူရေးနဲ့ စက်မှုကဏ္ဍတွေဟာလည်း ဖြစ်ထွန်းလာပြီး စီးပွားရေးဘဝတွေ လျင်မြန်စွာ တိုးတက်လာခဲ့ပါတယ်။ ဒေသခံပြည်သူတွေဟာ ငြိမ်းချမ်းခြင်းနဲ့ ညီညွတ်ခြင်းရဲ့ အသီးအပွင့်တွေကို လက်တွေ့ခံစားနေကြရပြီဖြစ်ပါတယ်။ နယ်စပ်ဒေသတွေတိုးတက်လာသလို တစ်ချိန်တည်းမှာပဲ နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးအောင် ဒေသကြီး(၂၄)ခုရဲ့ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူတွေ အများဆုံးနေထိုင်တဲ့ ကျေးလက်ဒေသတွေရဲ့ ဖွံ့ဖြိုးရေးကိုပါ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေတဲ့အတွက် တိုင်းရင်းသား ညီအစ်ကိုတွေကလည်း နိုင်ငံတော်အစိုးရရဲ့စေတနာကို သိမြင်ပြီး လက်တွဲဆောင်ရွက်လာမှုအပြင် ပြည်သူတစ်ရပ်လုံးရဲ့ စိတ်ဝမ်းလက်ညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် သမီးတို့နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးကဏ္ဍတွေမှာ ထူးကဲတဲ့ အခြေအနေကောင်းတွေ၊ အောင်မြင်မှုတွေရရှိနေပြီး တိုင်းရင်းသားပြည်သူတွေ မျှော်မှန်းနေတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဆီကို အရောက်တက်လှမ်းနိုင်တော့မှာ ဖြစ်တယ်လို့ သမီးတို့အားလုံးက ယုံကြည်ထားပါတယ်။

အားကြိုးမာန်တက်ဆောင်ရွက်မည်

ရည်မှန်းချက်ကို အမြန်ဆုံးရောက်ရှိအောင် တက်လှမ်းရာမှာ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးဘဝ တောင့်တင်းခိုင်မာပြီး တိုင်းရင်းသားပြည်သူအားလုံး စားဝတ်နေရေးပြည့်စုံရေးနဲ့ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဟာ မရှိမဖြစ် လိုအပ်တဲ့အတွက် နိုင်ငံတော်က မှန်ကန်တဲ့ ဦးဆောင်မှုနဲ့ ကြိုးပမ်းအကောင်အထည်ဖော်ပေးနေတာကို ဖွံ့ဖြိုးတိုးတက်ဖို့ စည်းလုံးညီညွတ်ရမယ်ဆိုတဲ့အသိနဲ့ သမီးတို့ တိုင်းရင်းသားအားလုံးက တက်တက်ကြွကြွနဲ့ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေကြတာဟာ ဘယ်ခေတ်အခါကမှ မမြင်တွေ့ခဲ့ရတဲ့ မြင်ကွင်းပဲဖြစ်ပါတယ်။ ယခုလို အခြေအနေကောင်းများရရှိလာချိန်မှာ သမီးတို့အနေနဲ့လည်း ဒေသရဲ့ ဖွံ့ဖြိုးရေးခေါင်းဆောင်ငယ်များ ပီပီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေအောင်မြင်အောင် စိတ်ရောကိုယ်ပါ ကြိုးပမ်းဆောင်ရွက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးလုပ်ငန်းစဉ်တွေမှာ တိုင်းရင်းသားပြည်သူတွေကို စည်းရုံးဦးဆောင်ပြီး ကျရာကဏ္ဍကနေ အားကြိုးမာန်တက် ဆောင်ရွက်သွားပါမယ်လို့ တင်ပြအပ်ပါတယ်ရှင့်။

နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံ့တာဝန်တွေရယူခဲ့ချိန်ကစပြီး နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာအောင်၊ အရှိန်အဟုန်နဲ့နိုင်ငံတော်ကြီးဖွံ့ဖြိုး တိုးတက်အောင် မနားမနေနဲ့ ကြိုးပမ်းဆောင်ရွက်ပေးလာခဲ့တာ ဒီနေ့ထက်တိုင် စိတ်စေတနာအပြည့်နဲ့ ဆောင်ရွက်ပေးနေဆဲပဲဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခဲ့တဲ့အတွက် ရရှိလာတဲ့အောင်မြင်တိုးတက်မှုအခြေအနေတွေဟာ နိုင်ငံနဲ့လူမျိုးအပေါ်ထားရှိတဲ့ မှန်ကန်တဲ့ သစ္စာကြောင့်ပဲဖြစ်တယ်လို့ သမီးတို့ တိုင်းရင်းသားအားလုံးက နားလည်ယုံကြည်ထားကြပါတယ်။ ယခုလို နိုင်ငံနဲ့အဝန်း စည်ပင်တိုးတက်လာတာဟာ ငြိမ်းချမ်းသာယာခြင်းရဲ့အနှစ်သာရများ အမှန်ပင်ဖြစ်ပါတယ်။ ဒါကြောင့်မို့လည်း တိုင်းရင်းသားအားလုံးက ရရှိပြီးတဲ့ ငြိမ်းချမ်းသာယာခြင်းရဲ့ အနှစ်သာရကို တန်ဖိုးထားပြီး ငြိမ်းချမ်းမှုကို အစဉ်တည်တံ့ခိုင်မြဲနေအောင် ထိန်းသိမ်းသွားဖို့နဲ့ ပြည်ထောင်စုကြီးကို သားစဉ်မြေးဆက် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် စောင့်ရှောက်ကာကွယ်သွားဖို့ သန္နိဋ္ဌာန် ချထားကြပြီးဖြစ်ပါတယ်။ သမီးတို့ကလည်း တိုင်းရင်းသားတွေအကြားမှာ ဖြစ်ထွန်းနေတဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နဲ့ ပြည်ထောင်စုစိတ်ဓာတ်တွေ အစဉ်ရှင်သန်ပြန့်ပွားနေအောင် ဖော်ဆောင်ရင်း ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းလိုက်နာ ကာကွယ်စောင့်ရှောက်နိုင်တဲ့ ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများအဖြစ် သမီးတို့ ကြိုးပမ်းဆောင်ရွက်သွားပါ့မယ်လို့ ဥက္ကဋ္ဌကြီးနဲ့ အကြီးအကဲများရှေ့မှောက်မှာ လေးလေးနက်နက် ကတိပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ရှင့်ဟု ဂါရဝပြု တင်ပြသည်။

ထို့နောက် တွေ့ဆုံဂါရဝပြု ဩဝါဒခံယူသည့် အခမ်းအနားကို နံနက် ၉နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူများနှင့် ကြီးကြပ်သူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

မော်တော်ယာဉ်များပေါ်မှ အမှိုက်များပစ်ချခြင်း၊ ကွမ်းတံတွေးထွေးခြင်းများ တွေ့ရှိပါက ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၉-၁-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ **တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ တေးဂီတအစီအစဉ်
- ၈:၂၀ ၈။ ကျေးပင်အက်ရေလှောင်တမံ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
- ၁၂:၁၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းမေတ္တာ (အပိုင်း-၆)**
- ၁၂:၅၀ ၇။ မြစိမ်းရောင် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း
- ၁:၀၅ ၈။ **လောကနီတိ(၅) "မေတ္တာအတိမ်အနက်ကို ချိန်စက်၍ကြည့်သောအခါ" (ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ခင်ဇော်)**
- ၂:၀၀ ၉။ တေးဂီတအစီအစဉ်
- ၂:၁၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၂:၃၀ ၁၁။ ကချင်ပြည်နယ်မိုးကောင်းတံတား
- ၂:၄၅ ၁၂။ International News.
- ၃:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ အထူးပြုများ) (သင်္ချာ)
- ၅:၁၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၅:၃၀ ၇။ အတီးပြိုင်ပွဲ
- ၅:၄၅ ၈။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဌွမ်းပုံ)**
- ၅:၅၀ ၉။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၅ ၁၀။ ချောင်းမကြီး (မြို့လှ) ရေလှောင်တမံ (ပဲခူးတိုင်း)
- ၆:၁၅ ၁၁။ တေးဂီတအစီအစဉ်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Discovery
- ၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ကြိုးသွယ်တဲ့ လင်းဖိုင်ငယ် (အပိုင်း-၄၉)**
- ၇:၃၅ ၁၆။ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၇:၄၅ ၁၇။ ပြည်ထောင်စုစိတ်ဓာတ်မပြတ်ရှင့်သန် ခိုင်မာရန်မှာ ဒို့ဝန်တာ **"မျိုးချစ်စိတ်ဓာတ်"**
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း-၁၃)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအဆင့် အစည်းအဝေးသို့ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၈

မလေးရှားနိုင်ငံ လန်ကာဝီကျွန်း၌ ဇန်နဝါရီ ၂၄ ရက်နံနက်ပိုင်းတွင် ကျင်းပသော (၈)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း ဝန်ကြီးများအဆင့် အစည်းအဝေး၌ မလေးရှားနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးက သဘာပတိအဖြစ်ဆောင်ရွက်၍ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဆက်လက်၍ (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံမှ ချမှတ်ခဲ့သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ အကောင်အထည်ဖော်မှုများ၊ မြေငလျင်နှင့် ဆူနာမီဒီရေလှိုင်း ရိုက်ခတ်မှုကြောင့် ခရီးသွားလုပ်ငန်းအပေါ် အကျိုးသက်ရောက်မှုနှင့် ပြန်လည်မြှင့်တင်ထူထောင်ရေးလုပ်ငန်းများ၊ အာဆီယံခရီးသွားလုပ်ငန်းများ ပေါင်းစည်းရေးအစီအစဉ်များ၊ ဗီယင်ကျန်းလုပ်ငန်းအစီအစဉ်အရ ခရီးသွားလုပ်ငန်းမြှင့်တင်ဆောင်ရွက်မှုများ၊ အာဆီယံခရီးသွားလုပ်ငန်း သဘောတူညီချက် အကောင်အထည်ဖော်မှုများနှင့် ၂၀၀၆ ခုနှစ် အာဆီယံခရီးသွား လုပ်ငန်းပြပွဲ ကျင်းပရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

နေ့လယ်ပိုင်းတွင် ကွာလာလမ်ပူမြို့တော်ဝန်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့လည်းကောင်း၊ ညနေပိုင်းတွင် မလေးရှားနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးက တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ လည်းကောင်း ကျန်အဖွဲ့ဝင်နိုင်ငံ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယား သုံးနိုင်ငံတို့၏ စတုတ္ထအကြိမ် ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး နေ့လယ်ပိုင်းတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့သည်။ ညနေပိုင်းတွင် အာဆီယံခရီးသွားလုပ်ငန်းပြပွဲ ၂၀၀၅ ၏ပြခန်း(Travel Exchange)ခင်းကျင်းပြသသည့် နေရာကို သွားရောက်ကြည့်ရှုခဲ့သည်။

ဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည်ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းတွင်လန်ကာဝီကျွန်းမှလေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ အဆိုပါမြန်မာကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးချုပ်ရုံးဝန်ကြီးဦးသန်းရွှေ၊ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ယာပုံ)** (သတင်းစဉ်)

ကေအမ်ဒီနှင့် ဒီစီဒီ ကံစမ်းမဲ အစီအစဉ်

ရန်ကုန် ဇန်နဝါရီ ၂၈

KMD Computer Sales & Service Centre နှင့် DCD Co., Ltd. တို့၏ရောင်းချထားသော Power Tree UPS များ၊ Gigabyte Product များနှင့် Philips တံဆိပ်မော်နီတာများအတွက် ကံစမ်းမဲ အစီအစဉ်ကို ဇန်နဝါရီ ၂၃ရက် ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။ အစီအစဉ်အရ KMD Company Limited မှ Sales Director ဒေါ်သင်းသင်းစိုးက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)** ဆက်လက်၍ Power Tree Private Limited မှ Managing Director ဖြစ်သူ Mr. William Foo က Power Tree ပစ္စည်းများအကြောင်း ရှင်းလင်းပြောကြားသည်။

ကံစမ်းမဲ

ဆက်လက်၍ ကြွရောက်လာကြသော ဧည့်သည်တော်များက ကံစမ်းမဲများကို နှိုက်ယူပေးကြသည်။

(က-ပ)

နေပြည်မြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်)က ကြီးမှူးကျင်းပမည့်နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ၂၀၀၃-၂၀၀၄ခုနှစ် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃၀ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အဘိဓမ္မရတနာဂုရ ဓမ္မဗိမာန်တော် (ဗဟန်း ၃လမ်း မှတ်တိုင်) ဗဟန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် အမှုဆောင်များထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ဖိုးလပြည့်ကုမ္ပဏီလီမိတက်၏ အရောင်းမြှင့်တင်ရေးနှင့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

ဖိုးလပြည့် ကုမ္ပဏီလီမိတက်၏ Scorpion C-Plus အရောင်း မြှင့်တင်ရေးနှင့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယမန်နေ့ည ၇ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနား ဟိုတယ်၌ ကျင်းပသည်။

အစီအစဉ်အရ ဖိုးလပြည့် ကုမ္ပဏီလီမိတက် မန်နေဂျင်း ဒါရိုက်တာ ဦးသူရလွင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး**(အပေါ်ပုံ)** တစ်ပြည်လုံးနှင့် မန္တလေး၊ ပြည်လုပ်ငန်းခွဲမှ တစ်ဆင့် Scorpion C-Plus တစ်မျိုးတည်း ရောင်းချသောဆုနှင့်ရောင်းအား အထူးဆုရရှိကြသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

ယင်းနောက် မန်နေဂျင်းဒါရိုက်တာ ဦးသူရလွင်က Scorpion C-Plus တစ်ပြည်လုံးရောင်းအား အကောင်းဆုံး ပထမဆုမှဒသမဆုထိရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်သည်။ (သတင်းစဉ်)

အဆင့်မြင့်တန်းအမှတ်ပေး ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃နာရီခွဲတွင် သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် စီးပွား/ကူးသန်းအသင်းနှင့် ကမ္ဘောဇအသင်းတို့ယှဉ်ပြိုင်ကစားကြရာ စီးပွား/ကူးသန်းအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် ဆောက်လုပ်ရေး အသင်းနှင့် ပြည်ထဲရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဆောက်လုပ်ရေးအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

မလွန်ဆန်လှူအသင်းတရားပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

မန္တလေးမြို့ မလွန်ဆန်လှူ အသင်းကြီး၏ မင်္ဂလာဒုံမြို့နယ် မလွန်ဆန်လှူ အသင်းအဖွဲ့က ကြီးမှူး၍ မဟာတဏှာလုလဒါန ဆွမ်းဆန်တော် ရေစက်ချတရားပွဲ ဓမ္မသဘင်ကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝရပ်ကွက် ဇေယျာသီရိ ကျောင်းတိုက်တွင် ညစဉ် ၇ နာရီ၌ ကျင်းပမည်ဖြစ်သည်။ စစ်ကိုင်းတောင်ရိုးမှ အရှင်စန္ဒောဘာသ၊ အရှင်ဥာဏဝရ၊ အရှင်တရုဏပဏ္ဍိတ၊ အရှင်ပညာနန္ဒ၊ အရှင်ခေမာသီရိလင်္ကာရ၊ ယောဆရာတော် အရှင်သီရိန္ဒာဘိဝံသ၊ တိပိဋကမဟာဂန္ဓာရုံဆရာတော် အရှင်ဥာဏိသရ၊ ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ အရှင်ကောသလ္လ၊ အရှင်ဇဝန၊ အရှင်သုစိတ္တနှင့် အရှင်စန္ဒောဘာသတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၈

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၆၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**



ကြည်အောင်(ကေတုမတီ)၊ မောင်မောင် (မုံရွာ)၊ မောင်စိမ်းနောင် (လယ်ဝေး)၊ အေးမျိုးကြည်၊ မင်းနေနွယ်၊ ကောင်းညွန့်ဝေ (ရေစကြို)၊ ဘွင်းဘွင်း၊ မောင်မောင်ကျော်စိုး (ဒေးဒရဲ)၊ အောင်ဆန်းသိန်း(ပခုက္ကူ)၊ ပိုနေမြ (ဝက်လက်)၊ မြဝတ်ရည် (ကျောက်ဆည်)၊မောင်နီမြင့်(ပင်လယ်) တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မကြန်၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ဒေါက်တာမတင်ဝင်း၊ ချစ်နိုင် (စိတ်ပညာ)၊ ဆရာဓမ္မပါလ၊ မောင်မောင်လတ်(နောင်)၊ ချစ်စံဝင်း၊ ဘိုကလေးတင့်အောင်၊ ဒေါက်တာလှဖေ၊ မြင်းမူမောင်နိုင်မိုး၊ ချစ်ငယ်(ဒသာန)၊ အောင်ဇင်၊ စိုးမြင့်ငြိမ်း၊ တက္ကသိုလ်တင်ခ၊နီငြိမ်း(အညာ တက္ကသိုလ်)၊ချိုမြနွယ်၊ စကုဆွေသစ်၊ မောင်လွမ်းနွယ် (အောင်လံ)၊ ကျော်ဇောဟိန်း (ဒေါပုံ)၊ ကိုသက်(ဓနိကုန်း)၊ စစ်ကိုင်းစိမ်းစိမ်း၊ တက္ကသိုလ်စိုးယဉ်၊ ရမ္မာမြေသန်းဝင်း တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ယုဝတီခင်ဦး၊ မောင်ဆန္ဒ (လယ်ဝေး)၊ညိုလွမ်းအောင်၊တက္ကသိုလ်မိုးမြင့်တို့၏ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ မောင်ဝဏ္ဏ၊အောင်ရှိန်း၊စိုးစံ၊ လှထွဋ်ဦးတို့၏ ကာတွန်းများအပြင် ဗုဒ္ဓစာဥယျာဉ်၊ တောဓလေ့စာပန်းချီ၊ ကလေးတို့အတွက်ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ အားကစားကဏ္ဍ၊ ရုပ်ရှင်ကဏ္ဍ စုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ပြည်၊မကွေး၊ သန်လျင်၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ပဲခူး၊လားရှိုး၊ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်၊ကျိုင်းတုံမြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (က-ပ)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန် မူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် စမ်းချောင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၆ရက်တွင် သတင်းအရ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း၊ ပြည်လမ်းနှင့်စမ်းချောင်းလမ်းထောင့်၌ မသင်္ကာဖွယ် တွေ့ရှိရသူ သိန်းထူးအား စစ်ဆေးရှာဖွေရာ ဒဗလျူဝိုင် စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ ရွှေပြည်သာမြို့နယ် (၇)ရပ်ကွက် ဇရာဝတီလမ်းနေ ဦးရှိန်တင်၏သား အသက် (၃၀)နှစ်ရှိ သိန်းထူးအား စမ်းချောင်းရဲစခန်းကမူးယစ်ဆေးဝါးပထမသတင်းပေးတိုင်ချက်အမှတ်(၆/၂၀၀၃)၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က) အရ အမှုဖွင့်အရေးယူခဲ့သည်။

အမှုကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးသို့ တရားစွဲ တင်ပို့ခဲ့ရာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် တရားခံ သိန်းထူးအား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ၁၉(က)အရအလုပ်နှင့်ထောင်ဒဏ် အနှစ် ၂၀ ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ (သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၂၅)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၁၉၈၈)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ဝန်ကြီးဗိုလ်ချုပ်ဌေးဦး လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဇန်နဝါရီ ၂၄ရက် နံနက်ပိုင်းတွင် မကွေးတိုင်း အောင်လံမြို့နယ်ရှိ ဘွက်ကြီးရေလှောင်တမံ ဆည်ရေသောက်ဧရိယာ၌ နွေစပါးဧက ၁၀၀၀ စိုက်ပျိုးဖြစ်ထွန်းမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ်ရှိ ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး စီမံကိန်းတာဝန်ခံဦးသန်းဇော်က ကန်ဇွန်းခုံလျှပ်စစ်မြစ်ရေတင်စီမံကိန်းအရ ရေပေါ်ရေတင်စနစ်ဖြင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းရှိ စိုက်ပျိုးမြေများကို ရေပေးဝေနိုင်ရန် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေပေးမြောင်းများ သေသပ်ခိုင်ခံ့ရေး၊ စက်သုံးဆီခြိုးခြံချွေတာရေးနှင့် စီမံကိန်းလုပ်ငန်း တစ်ခုလုံးမပြီးသေးသော်လည်း ပြီးစီးသည့်အပိုင်းမှ ရေပေးဝေနိုင်ရေး တွက်ချက်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရေငြိမ်ကန်နှင့် ရေပေးမြောင်းမှ ရေပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ သီးထပ်စိုက်ပျိုးရေး၊ နွေစပါးအချိန်မီစိုက်ပျိုးရေး မှာကြား ဆွေးနွေးကာ ပံ့ပိုးမှုများ ဆောင်ရွက်ပေးသည်။

ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည် ယခင်မိုးစပါးတစ်သီးစိုက်ပျိုးနိုင်ခဲ့သည့် မြန်အောင်မြို့နယ်၏ သီးနှံစိုက်ဧက်အားကို နွေစပါး အပါအဝင် သီးထပ်သီးနှံစိုက်ဧက်အားတိုးမြှင့်ပေးနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးခြင်းမရှိသေးသော်လည်း ပြီးစီးသောအပိုင်းမှ ရေပေးဝေရေး စီမံဆောင်ရွက်လျက်ရှိရာ နွေစပါးစိုက်ပျိုးနိုင်နေပြီဖြစ်သည်။ စီမံကိန်းလုပ်ငန်းများ ပြီးစီးပါက နွေရာသီတွင် စိုက်ပျိုးရေမရရှိသည့် မြန်အောင်မြို့နယ်မှ ကန်ဇွန်းခုံ၊ ဝက်တိုး၊ ကနောင်၊ အိုးဘို၊ ကွဲတဲကုန်း၊ ပေါက်ကုန်းစွန်း၊ သခွတ်ကွင်းနှင့် ကပ်ခိုကျေးရွာအုပ်စုများရှိ လယ်မြေဧက ၅၀၀၀ကို ရေသွင်းစိုက်ပျိုး နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်အောင်မြို့နယ်ရှိ ငပိဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ရောက်ရှိပြီး ရေပေါ်ရေတင်စက်ကြီးများ ဧရာဝတီမြစ်တွင်ထားရှိမည့် နေရာနှင့် ပင်မရေငြိမ်ကန်၊ ရေပေးတူးမြောင်းများ၊ တူးမြောင်း အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စီမံကိန်း ရှင်းလင်းဆောင်၌ ငပိဆိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်းတာဝန်ခံက ရေတင်အမြင့်ပေ ၆ဝဖြင့် ဧရာဝတီမြစ်မှရေတင်၍ ငပိဆိပ်၊ သရက်တော၊ လေးတူး၊ ညောင်တုန်းလဲ၊ ဒေါင်းကျ၊ သခွပ်ကွင်း ကျေးရွာအုပ်စုများရှိ လယ်မြေဧက ၇၀၀၀သို့ ရေပေးရန် စီစဉ်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဟင်္သာတခရိုင် မြန်အောင်မြို့နယ်တစ်ဝိုက်၌ ဆောင်ရွက်နိုင်သည့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများနှင့် ဧရာဝတီတိုင်းအတွင်း ဆောင်ရွက်နိုင်သည့် မြစ်ရေတင်စီမံကိန်းများနှင့် စပ်လျဉ်း၍ စူးစမ်းလေ့လာတွေ့ရှိချက်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လုပ်ငန်းများ အမြန်ပြီးစီးရေး၊ ဒေသတွင်းရှိတောင်သူလယ်သမားများ လူမှုစီးပွားတိုးတက်ရေးအတွက် ရရှိလာမည့် စိုက်ပျိုးရေကို ထိရောက်စွာအသုံးပြု၍ အထွက်နှုန်းပိုမိုတိုးတက်ရေး၊ သီးနှံစိုက်ဧက်အား မြင့်မားတိုးတက်ရေး၊ မှန်ကန်သည့်သီးနှံပုံစံချမှတ် စိုက်ပျိုးရေးအတွက် ကူညီပံ့ပိုးရေးတို့ကို မှာကြားသည်။

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးလှမျိုးက ငပိဆိပ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ပြီးစီးပါက သီးထပ်စိုက်ပျိုးမည့် သီးနှံပုံစံကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကန်ဇွန်းခုံ လျှပ်စစ်မြစ်ရေတင်စီမံကိန်း ရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်ယာ/ဆည်မြောင်း)

ကွယ်လွန်သူ ဒေါ်ဝင်းတင်အားရည်စူး၍ အမှတ်(၉၆)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ သမီး ဒေါ်ဖြူဖြူဝင်း၊ မြေးကိုမောင်မောင်၊ မအိမင်းသော်တို့က ဓိဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင်အလှူငွေကျပ် ၁၁၀၀၀၀ ကို ဒီဇင်ဘာ ၁၅ရက်က လှူဒါန်းရာ ဆေးရုံဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးဝင်းလက်ခံယူစဉ်။ (က-ပ)

မြန်မာ့လေကြောင်းစင်းလုံးငှားလေယာဉ်ဖြင့် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များ ပို့ဆောင်ပေးမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ဘုရားဖူးများ ခရီးမပန်းဘဲ အဆင်ပြေချောမွေ့စွာ ဘုရားဖူးနိုင်ရေးနှင့် ဘုရားဖူးရက် ပိုမိုရရှိစေရန် ရည်ရွယ်လျက် မဇ္ဈိမဒေသရှိ သံဝေဇနိယလေးဌာန ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို ဖေဖော်ဝါရီလမှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မြန်မာ့လေကြောင်းစင်းလုံးငှား အထူးလေယာဉ်ဖြင့် ရန်ကုန်မှ ဗုဒ္ဓဂယာသို့ တိုက်ရိုက်ပို့ဆောင်ရန် စီစဉ်လျက်ရှိသည်။

မြန်မာ့လေကြောင်း စင်းလုံးငှားအထူးလေယာဉ်ဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အစုအဖွဲ့လိုက်သော်လည်းကောင်း ဘုရားဖူးသွားရောက်လိုသူများသည် ဒေါ်သဇင်မြင့်အောင်(အောင်ချမ်းသာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့)Power Palace Hotelအမှတ်(၁၆) ပြည်သာယာလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁- ၇၀၈၁၅၆၊ ၆၆၀၈၄၃၊ ၅၄၄၂၈၇၊ ၅၄၈၂၁၀၊၅၄၉၆၆၈၊၀၉-၉၉-၂၆၁၀၈၊ ၀၉-၅၀-၂၂၄၅၄နှင့် ဦးထိန်လင်း(ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေးလုပ်ငန်း) အမှတ်(၅၅) ၁၇လမ်း လသာမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၆၆၅၃၈၃၊၂၂၅၉၈၉၊၂၂၅၉၁၅ တို့သို့ ဆက်သွယ်စုံစမ်း၍ အချိန်မီလျှောက်လွှာများ တင်သွင်းနိုင်ပါသည်။ (သတင်းစဉ်)

ပေါင်းလောင်းအသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ပေါင်းလောင်းအသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အလယ်ပစ္စယံ အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၈၀) နှင့် အထက် အသင်းဝင်နှင့် အသင်းဝင်မိဘများ၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ သား၊ သမီးများစာရင်းကို ဖေဖော်ဝါရီ ၁၅ ရက်နောက်ဆုံးထား၍ ဦးမြင့်သိန်း ဖုန်း-၆၆၄၅၂၃၊ ဒေါ်ခင်ထွေးရီ ဖုန်း-၆၈၂၁၈၇နှင့် ဦးညွန့်ဖေ ဖုန်း-၂၀၀၄၂၈သို့ ဆက်သွယ်စာရင်းပေးပို့ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (က-ပ)

ဇန်နဝါရီ ၂၆ ရက်က ပုဇွန်တောင်မြို့နယ်ရှိ ရန်ကုန် ကုန်သွယ်မှုဇာတိဌာန၌ ကျင်းပလျက်ရှိသော ကုန်စည်ပြပွဲတွင် ရွှေရည်ဝင်းတိုင်းရင်းဆေးဝါးလုပ်ငန်းမှ မြတ်ရတနာ တိုင်းရင်းဆေးဝါးများကို ရောင်းချပေးနေစဉ်။ (က-ပ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေး (၁/၂၀၀၅)ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အဖွင့်အမှာ စကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုအမှုဆောင် အစည်းအဝေး (၁၂/၂၀၀၄) ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကို တင်ပြသည်။

ဆွေးနွေး

ဆက်လက်၍ ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေး လုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်းစစ်အဖွဲ့၊ စာပေရန်ပုံငွေကြီးကြပ်ရေး အဖွဲ့တို့၏ အဖွဲ့ခေါင်းဆောင်များက အဖွဲ့အလိုက်လုပ်ငန်းဆောင်ရွက်ထားမှုများကို တင်ပြကြပြီး တက်ရောက်လာကြသည့် ဗဟိုအမှုဆောင် ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ရုပ်သိမ်း

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကြည့်ရှု

ဇန်နဝါရီ ၂၄ ရက်က လှိုင်မြို့နယ်၌ ပြုလုပ်သည့် စတုတ္ထအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ တွင် VCT Group ကွန်ပျူတာ ပြခန်းတွင် ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုကြစဉ်။ (က-ပ)

ဆွမ်းအောင်ပွဲနှင့် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်၊ ပန်းရိုက်လမ်း ၈/က ရပ်ကွက် သာသနရက္ခိတ ဆွမ်းလောင်းအသင်း၏ ဆွမ်းအောင်ပွဲဓမ္မသဘင်၌ ဇန်နဝါရီ ၂၉ ရက်တွင် ဖြူးဆရာတော်ဘဒ္ဒန္တ နရပတိ၊ ၃၀ ရက်တွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကောဝိဒနှင့် ၃၁ရက်တွင် ဖြူးဆရာတော်၏ တပည့် မြိုင်ဆရာတော် ဘဒ္ဒန္တပညာဇောတတို့က ညနေ ၆ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာ ဇီဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၈

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာ ဇီဝဓာတ်ငွေ့သုံး အသေးစားလျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၆ ရက် မွန်းလွဲပိုင်းက ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း ဗဟိုနာယကအဖွဲ့ဝင်၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊စစ်ကိုင်းတိုင်း မုံရွာခရိုင်နှင့် ချောင်းဦးမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ အမှုဆောင်များနှင့် အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗဟိုအလုပ် အမှုဆောင်က စက်ရုံအဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူးက စက်ရုံကို မီးခလုတ်နှိပ်ဖွင့်လှစ်ပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ရှင်းလင်းပြောကြား

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများနှင့် စစ်ကိုင်းတိုင်းအတွင်း ဖွံ့ဖြိုးတိုးတက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆောင်ရွက်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများ၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေးအတွက် နိုင်ငံတော်အပိုင်းမှ ဆောင်ရွက်နေမှုများနှင့် ဒေသခံပြည်သူများကလည်း တစ်နိုင်တစ်ပိုင် ဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ဆက်လက်၍ ချောင်းဦးမြို့နယ် အသင်း အတွင်းရေးမှူးက စက်ရုံ တည်ဆောက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စက်ရုံ တည်ဆောက်ရေးတွင် ပါဝင်ကူညီခဲ့ကြသော ပညာရှင်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်သည်။

လှူဒါန်း

ယင်းနောက် ဗဟိုအလုပ် အမှုဆောင်က အားကစားပစ္စည်းများနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်လှူဒါန်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

စစ်ကိုင်းတိုင်း ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာ၌ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး အမှာစကားပြောကြားစဉ်။ (အား/ကာ)

အဆိုပါ ဇီဝဓာတ်ငွေ့သုံးအသေးစား လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တိုင်းမှူးက မတည်ငွေကျပ် ငါးသိန်းနှင့် ဘီလပ်မြေ အိတ် ၁၀၀၊ ဗဟိုအလုပ်အမှုဆောင်က မတည်ငွေကျပ် ၁၀ သိန်း၊ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မတည်ငွေကျပ် ၁၀ သိန်းနှင့်ဒေသခံ ပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် ကျပ် ၄၅ သိန်း အကုန်အကျခံ၍ တည်ဆောက်နိုင်ခဲ့သဖြင့် လျှပ်စစ်ဓာတ်အား ၁၅ ကီလိုဝပ် ထုတ်လုပ်နိုင်ပြီး အိမ်ခြေ ၂၅၀ ခန့်ကို နေ့စဉ် လျှပ်စစ်မီး ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ထီးတော်သစ်တင်လှူ

ရန်ကုန် ဇန်နဝါရီ ၂၈

ပုဇွန်တောင်မြို့နယ်၊ အမှတ် (၅) ရပ်ကွက် စင်ကာပူကျောင်းတိုက်၏ ပဓာန နာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိသုဒ္ဓ၏ သြဝါဒကိုခံယူ၍ ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ဦးအေးမောင်-ဒေါ်ကျင်မွှေးမိသားစု တပ်မြေရွှေပန်းထိမ်က ပြည်လုံးချမ်းသာစေတီတော်ကို ဉာဏ်တော်မြှင့်တင်ပြီး ထီးတော်အသစ်တင်လှူပူဇော်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ကျင်းပသည်။ (က-ပ)

ပဲမျိုးစုံ ပို့ကုန်တိုးတက်တင်ပို့ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်တွင်းပြည်ပဈေးကွက်သတင်းနှင့် သုတေသနလုပ်ငန်းအဖွဲ့က ကြီးမှူး၍ ပဲမျိုးစုံထုတ်ကုန်များပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် ပဲမျိုးစုံ ပို့ကုန် တိုးတက်တင်ပို့ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး ပဲမျိုးစုံမျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်ရေး စာတမ်းကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ မန်နေဂျာ ဦးအောင်ဆွေက လည်းကောင်း၊ တန်ဖိုးမြှင့် ပို့ကုန်ပဲမျိုးစုံပြုပြင်ထုတ်လုပ်သည့် စက်ပစ္စည်းကိရိယာများ ဖွံ့ဖြိုးတိုးတက်ရေး စာတမ်းကို မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးမှ အင်ဂျင်နီယာချုပ် ဦးနီပေါကလည်းကောင်း၊ ပဲမျိုးစုံ ဈေးကွက် သတင်းအချက်အလက်နှင့်ပတ်သက်သည့် စာတမ်းကို E. TRADE မြန်မာကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းနိုင်က လည်းကောင်း၊ ပဲမျိုးစုံ ဈေးကွက်ရှာဖွေချဲ့ထွင်ရေး စာတမ်းကို မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းအောင်က လည်းကောင်း ဖတ်ကြားကြသည်။ (သတင်းစဉ်)

သုတ္တန်တရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၆) ရပ်ကွက်၊ဓမ္မယုဝတီပရိယတ္တိစာသင်တိုက်တွင် လစဉ်ကျင်းပလျက်ရှိသော တရားပွဲများတွင် ဖေဖော်ဝါရီ ၂ ရက်၌ ရွှေစင်တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရ (တိပိဋကဓရ၊ တိပိဋကကောဝိဒ)၊ ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တွင် (သီတဂူ ကြယ်တစ်ပွင့်) ဘဒ္ဒန္တ ပညာနန္ဒ (သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ)၊ ဖေဖော်ဝါရီ ၅ ရက်တွင် ပခုက္ကူဆရာတော် ဘဒ္ဒန္တသုန္ဒရ (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)တို့က ည ၇ နာရီမှစ၍ သုတ္တန်တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

အမှတ် (B-၁၁)ဆည်မြောင်းရိပ်သာ ရှစ်မိုင်ခွဲ မရမ်းကုန်းမြို့နယ်နေ ဒေါ်အေးအေးခိုင် မိသားစုက ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်သုံးသောင်းကို ဒီဇင်ဘာ ၁၈ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးညွန့်လက်ခံယူစဉ်။ (က-ပ)

ဒုလ္လဘအပါး ၃၅၀ ရဟန်းခံပွဲနှင့် ၁၀ ရက် တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၈

အင်းစိန်မြို့နယ် အောင်ဆန်းမြို့တောရတပ်ဦးကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၇၇) ပဓာနနာယက ပြည်တွင်း၊ ပြည်ပသာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်၏ (၁၃)ကြိမ်မြောက် အမိဋ္ဌာန်ဒုလ္လဘအပါး ၃၅၀ ရဟန်းခံ အလှူမင်္ဂလာပွဲကို ဇန်နဝါရီ ၃၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ မွန်းလွဲ ၂ နာရီတွင် ပင့်သံဃာအပါးအဝင် သံဃာအပါး ၄၀၀ တို့အား သိမ်ဆင်းလောင်းလှူမည်ဖြစ်သည်။

ယင်းဒုလ္လဘ ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်ယောဂီ ၇၀၀ ကျော်တို့အား မိုးကုတ်ဝိပဿနာ ၁၀ ရက် တရားစခန်းပွဲကို ဖေဖော်ဝါရီ ၁ ရက်မှ ၁၀ ရက်အထိ အောင်ဆန်းမြို့တောရတပ်ဦးကျောင်း ဆရာတော်ကိုယ်တိုင် ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်သင်တန်းတရားတော်နှင့် လုပ်ငန်းစဉ်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့သို့ စာအုပ်စာတမ်းများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၈

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်နှင့်မိသားစုများအတွက် စန္ဒာညွန့်စာပေတိုက်က ထုတ်ဝေသည့် ဂုဏ်ထူးလက်ဆောင် အထူးထုတ်စာအုပ်များ၊ ဂျာနယ်များ၊ ရွှေကုံ့ကော်စာပေမှ ရွှေကုံ့ကော်စာမေးပွဲအထူးထုတ်နှင့် ဂျာနယ်များ၊ဆရာကံချွန်၏ ဘောဂဗေဒအထူးထုတ် စာအုပ်များနှင့်ပန်းတိုင်စာပေမှ သူငယ်တန်းမှအဋ္ဌမတန်းအထိ ကျောင်းသုံးစာအုပ်များ၊ ၃၂လမ်းခိုင်စာရေးကိရိယာဆိုင်မှ ရုံးသုံးစက္ကူအထုပ် ၂၀၀နှင့် ဖိုင်ကာဘာ ၅၀၀၊ စုပြည့်ထွန်းစာပေမှ ကျောင်းသုံးစာအုပ်များ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၃၁၉၉၀၀ရှိ စာအုပ်စာတမ်းများ (၁၀)ကြိမ်မြောက် ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များကိုယ်စား ရန်ကုန်တက္ကသိုလ် ပထဝီဝင်ဌာနတွဲဖက်ပါမောက္ခဦးအေးကိုက လှူဒါန်းရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စာအုပ်စာတမ်းများနှင့် စာရေးကိရိယာများကို အလှူရှင်များက တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းသို့ ပေးအပ်လှူဒါန်းရာ တိုင်းရဲတပ်ဖွဲ့မှူးရဲမှူးကြီးအောင်ဒိုင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တိုင်းရဲတပ်ဖွဲ့မှူးရဲမှူးကြီးအောင်ဒိုင်းက ကြို့မဲ့ကြေးနန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ခရိုင်ရဲတပ်ဖွဲ့များနှင့် ဌာနခွဲများသို့ စာအုပ်စာတမ်းများ ပြန်လည်လွှဲပြောင်းပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တောင်စွန်းအထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၈

ဘီးလင်းမြို့နယ် တောင်စွန်းအထက ကျောင်းသား၊ ကျောင်းသူများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂ ရက် (တနင်္ဂနွေနေ့)တွင် ယင်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အသက် (၆၀) ကျော်လွန်ပြီးသော ဆရာကြီး၊ ဆရာမကြီးများ ပူဇော်ခံကြွရောက်ပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်နိုင်ကြပြီးအလှူငွေများ လှူဒါန်းလိုသူများ ရဲမှူးအောင်သန်း ဖုန်း ၀၁-၅၄၉၅၁၇၊ ဦးမျိုးတင့် ဖုန်း-၀၉၉၉၂၇၄၃၄၊ ဦးမြင့်ဝင်း ဖုန်း-၀၁-၁၄၀၃၈၉၊ ဦးညွန့်မောင် ဖုန်း-၀၁၅၇၈၅၅၂၊ ဦးနီငွေး ၀၀၄၊ မြလေးရုံလမ်း မေတ္တာညွန့် တာမွေ၊ ဦးခင်မောင်စိုး ဖုန်း-၀၁-၅၄၀၃၈၉၊ ဦးသန့်ကြီး ဖုန်း-၀၁-၅၃၉၇၅၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဆုချီးမြှင့်

ဇန်နဝါရီ ၂၇ ရက်က စတုတ္ထအကြိမ်မြောက် မြန်မာ အိုင်စီတီ ရက်သတ္တပတ် ၂၀၀၅ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် Myanmar National Counter Strike Championship-2005 ပြိုင်ပွဲ ဝါသနာရှင်အဆင့် ပထမရရှိသည့် VH Clam အဖွဲ့အား ဒုတိယဆက်သွယ်ရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးကျော်ညွန့် ဆုချီးမြှင့်စဉ်။ (က-ပ)

လူမျိုးစုပေါင်း တစ်ရာကျော်နှင့် ပေါင်းစည်းဖြစ်တည်နေသည့် မိမိတို့၏ပြည်ထောင်စုကြီးတွင် တိုင်းရင်းသားမျိုးနွယ်စုများအားလုံး တစ်သွေးတည်း တစ်သံတည်း တစ်စိတ်တည်း တစ်ဝမ်းတည်း နှလုံးစိတ်ဝမ်းညီမျှစွာ စိတ်တူကိုယ်မျှရှိနေစေရေးမှာ တစ်ဦးနှင့်တစ်ဦး နားလည်စာနာမှု၊ သည်းခံခွင့်လွှတ်မှု၊ အပြန်အလှန်ရိုင်းပင်းကူညီဖေးမပေးမှု၊ အပြန်အလှန် မှီခိုအားထားယုံကြည်မှု စသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ဖြစ်ထွန်းနေပြီး ယင်းအခြေခံကောင်းများက ပေါက်ဖွားလာသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ် အစဉ်ထာဝရ မြဲမြံခိုင်မာနေစေရန် လိုအပ်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ သြဝါဒစကားမှ ကောက်နုတ်ချက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်မှ သင်တန်းသား၊သင်တန်းသူများအား ဂုဏ်ပြုညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

ရန်ကုန် ဇန်နဝါရီ ၂၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများအား ယနေ့ ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ညနေ ၆နာရီ ၂၅မိနစ်တွင်ပြည်သူ့လွှတ်တော်အဆောက်အအုံသို့ ရောက်ရှိလာပြီး ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းသား၊ သင်တန်းသူများအား ပြည်သူ့လွှတ်တော်မုခ်ဦးဆောင်ရှိ အမိမြန်မာပြည်ရုပ်တုရှေ့၌ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တက်ရောက်

အဆိုပါဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်းအမှတ်စဉ်(၃၆) သင်တန်းသား၊ သင်တန်းသူလေ့လာရေးခရီးစဉ် စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများ၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်း အမှတ်စဉ်(၃၆)မှ သင်တန်းကြီးကြပ်သူဆရာ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ ညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှု အကပဒေသာတို့ဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

* *မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် ပါဝင်ဆောင်ရွက်။*
ခေါင်းကြီး (စာမျက်နှာ-၂)

* *ရန်သူ၊ မိတ်ဆွေ မခွဲခြားဘဲ ကြင်နာမှုနှင့် စာနာမှုကိုအရင်းခံသော လူမှုကရုဏာလုပ်ငန်းဆိုင်ရာ အဖွဲ့တစ်ခုသည် ဟင်နရီဒူးနန့်၏ ကြိုးပမ်းမှုကြောင့် ကြက်ခြေနီသင်္ကေတနှင့်အတူ ပေါ်ထွန်းလာခဲ့လေသည်။*
အောင်ကျော်ဆန်း (MRCS)၏ဆောင်းပါး (စာမျက်နှာ-၆)